မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၁၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ်သန်းပေါင်း ၉၇၆၉၉ ကျော် အကုန်အကျခံဆောင်ရွက်ပေးခဲ့

မှန်ကန်သောမူဝါဒဆိုင်ရာလမ်းညွှန်မှု၊ တာဝန်ရှိသူများ၊ အဖွဲ့အစည်းများနှင့် နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများပူးပေါင်းဆောင်ရွက်မှုကြောင့် မျှော်မှန်းသည်ထက်ပိုမိုအောင်မြင်

လူမှုစီးပွားရေးအခွင့်အလမ်းများ ပေါ်ထွန်းလာနေခြင်းကို ပီတိဖြစ်နေရုံဖြင့်မလုံလောက် တစ်နေ့ထက်တစ်နေ့ ပိုမိုတိုးတက်ဖြစ်ထွန်းလာအောင် တက်ညီလက်ညီဆက်လက်ကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၂၀

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၇)ကို ယမန်နေ့ညနေ ၃နာရီက နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း ဒေသဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသော တိုင်းမှူးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ ဝန်ကြီးချုပ်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၁၉၈၉ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ပြီးခဲ့သည့် ၁၈နှစ်တာကာလအတွင်း အရှိန်အဟုန်ကောင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှု အောင်မြင်မှုများရရှိနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ပိုမိုအောင်မြင်

ဤကဲ့သို့ ဖြစ်ထွန်းအောင်မြင်လာခြင်းသည်လည်း နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်ဦးဆောင် မူဝါဒချမှတ်ပေးသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များကို မိမိတို့ နတလလုပ်ငန်းကော်မတီအနေဖြင့် နယ်စပ်/စည်ပင်ဝန်ကြီးဌာန၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများနှင့် လုပ်ငန်းဆပ်ကော်မတီများကို ပေါင်းစပ်အကောင်အထည်ဖော်စေခဲ့ရာတွင် တက်ညီလက်ညီ **စာမျက်နှာ ၈ ကော်လံ ၁ ●**

အမှာစကားပြောကြား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၀၇) တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

အမေရိကန်နှင့်ကိုလိုနီနယ်ချဲ့လက်သစ်တို့ ကိုယ်ကျိုးစီးပွားရှေ့တန်းတင် နိုင်ငံငယ်များအပေါ် ဩဇာလွှမ်းမိုးနိုင်ရေး နည်းမျိုးစုံဖြင့်အကြောင်းပြ

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထူးဖွံ့ဖြိုးရေးဒေသကြီး၂၄ခု၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲချမှတ်ပြီး လက်တွေ့ကျကျ ဖော်ဆောင်လျက်ရှိသည်။

ထို့အပြင် ပြည်တွင်းငြိမ်းချမ်းရေးကို တစ်ပါတည်းတည်ဆောက်နိုင်ခဲ့သဖြင့် ၁၉၈၉ခုနှစ်မှ စပြီး တောတွင်းလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့၊ အဖွဲ့ငယ် ၁၈ ဖွဲ့တို့သည် နိုင်ငံတော်၏စေတနာကို သဘောပေါက်နားလည်ပြီး ဥပဒေဘောင်အတွင်းဝင်ရောက်လာကာ ပြည်သူတို့၏ ငြိမ်းချမ်းသောရင်ခွင်တွင် ခိုလှုံရောက်ရှိနေကြပြီဖြစ်သည်။ နိုင်ငံတော်နှင့်အတူ ပြည်ထောင်စုကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေး ဝိုင်းဝန်းတည်ဆောက်နေကြပြီဖြစ်သည်။ ယခုအခါ နယ်စပ်ဒေသနှင့်ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ရရှိနေပြီဖြစ်ပေသည်။

အမေရိကန်နှင့်ဗြိတိန်တို့သည် ဇန်နဝါရီ၁၁ရက်နေ့တွင် မြန်မာနိုင်ငံကို လုံခြုံရေးကောင်စီ၌ အရေးယူဆောင်ရွက်ပေးရန် အဆိုပြုချက်မူကြမ်းတစ်ရပ်တင်သွင်းခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီလ ၁၁ရက်နေ့တွင် ကျင်းပသော အာဆီယံဝန်ကြီးများအစည်းအဝေးကလည်း မြန်မာနိုင်ငံ၏အရေးကိစ္စသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်ရာမရောက်ဟု ပြောကြားခဲ့သည်။

အမေရိကန်နှင့်ဗြိတိန်တို့ဦးဆောင်တင်သွင်းသည့် ထိုအဆိုပြုချက်မူကြမ်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က မြန်မာနိုင်ငံအရေးကိစ္စသည် ပြည်တွင်းရေးကိစ္စသာဖြစ်၍ ဒေသတွင်း နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်ရာ မရောက်ကြောင်း၊ လုံခြုံရေးကောင်စီကို အတိုင်းအတာထက်ကျော်လွန်အသုံးချရန် ကြိုးပမ်းအားထုတ်မှုအတွက် ၎င်းတို့အနေဖြင့် မထောက်ခံကြောင်းဆွေးနွေးခဲ့ကြသည်။ ထိုအဆိုပြုချက်မူကြမ်းကို တရုတ်နိုင်ငံနှင့်ရုရှားနိုင်ငံတို့က ဗီတိုအာဏာသုံး၍ ပယ်ချခဲ့ပြီး တောင်အာဖရိကနိုင်ငံက ကန့်ကွက်မဲပေးခဲ့သည်။

အမေရိကန်ဦးဆောင်သော အနောက်အုပ်စုနိုင်ငံများသည် အာဖဂန်နစ္စတန်နိုင်ငံအား အင်အားအသုံးပြုပြီး ကျူးကျော်ဝင်ရောက်ခြင်း၊ အီရတ်နိုင်ငံ၌ ကျူးကျော်စစ်များဆင်နွှဲပြီး ပြည်တွင်းရေး မငြိမ်မသက်ဖြစ်အောင် ဆောင်ရွက်ခြင်း၊ ဆိုမာလီနိုင်ငံစစ်ပွဲတွင် ပါဝင်စွက်ဖက်ခြင်းအပြင် အီရန်နိုင်ငံကို စစ်ရေးအရခြိမ်းခြောက်မှုများပြုလုပ်နေခြင်းများသည် ဒေသတွင်းတည်ငြိမ်မှု ကင်းမဲ့စေရန် ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ ယင်းကဲ့သို့ဆောင်ရွက်ခြင်းသည် ကုလသမဂ္ဂကြီးအား ဘေးဖယ်ထားပြီး မထီမဲ့မြင် ပြုလုပ်ရာရောက်ပေသည်။

အမှန်စင်စစ် အမေရိကန်အစိုးရသည် ကုလသမဂ္ဂ၏ရည်ရွယ်ချက်၊ အခြေခံမူများ၊ ပဋိညာဉ် စာချုပ်ပါမူများနှင့် အဖွဲ့ဝင်နိုင်ငံအများစု၏ဆုံးဖြတ်ချက်များကို ပမာမခန့် ဆန့်ကျင်သွေဖည်မှုများ ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့သည်။ အလှည့်အပတ်၊ ပရိယာယ်ဝေဝုစ်၊ အကွေ့အကောက်များဖြင့် ၎င်းတို့၏အကျိုးစီးပွားအတွက် ကုလသမဂ္ဂနှင့်လက်အောက်ခံအဖွဲ့အစည်းများအား လွှမ်းမိုးချုပ်ကိုင်ပြီး အကျပ်ကိုင်ဖိအားပေးအသုံးချနေသည်ကို ကမ္ဘာ့ပြည်သူများ စိတ်မချမ်းမြေ့စွာ ခံစားနေကြရသည်။

အမေရိကန်နှင့် ကိုလိုနီလက်သစ်တို့သည် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် အဖျက်လုပ်ရပ်များဆောင်ရွက်နေသည့် ပြည်ပြေးများနှင့် အကြမ်းဖက် သောင်းကျန်းသူများကို ဒီမိုကရေစီလိုလားသူများအဖြစ် နေရာပေးအမွှမ်းတင်လျက်ရှိသည်။ ယင်းအဖွဲ့များကပင် မြန်မာနိုင်ငံနှင့်ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်ပျက်ပြားအောင် နေရာအနှံ့ အဖျက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ ၁၉၈၈ခုနှစ်မတိုင်မီ ပြည်ပထောက်ပံ့မှုများဖြင့် ရပ်တည်လှုပ်ရှားနေသည့် ပြည်ပရောက်အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူများ၊ အဖျက်သမားများအား တပ်မတော်က စစ်ဆင်ရေးကြီးများ ဆင်နွှဲပြီး လက်နက်ကြီးများဖြင့် တိုက်ခိုက်ချေမှုန်းမှုများရှိခဲ့သော်လည်း အမေရိကန်နှင့် ပြည်ပမီဒီယာများက မည်သို့မျှ ဝေဖန်ပြောဆို ထုတ်လွှင့်ခဲ့ခြင်းမရှိပေ။ ယနေ့ကာလတွင်မူ မြန်မာတိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် သောင်းကျန်းသူများ၊ ပြည်ပြေးများ၊ အဖျက်သမားများကို မြန်မာ့တပ်မတော်က နှိမ်နင်းရာတွင် အမေရိကန်နှင့်အပေါင်းပါ ကိုလိုနီလက်သစ်တို့က ယင်းတို့၏ မီဒီယာများကိုအသုံးပြု၍ တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်နေသည်၊ လူ့အခွင့်အရေးချိုးဖောက်နေသည်၊ နိုင်ငံရေးအကျဉ်းသားများအား ဖမ်းဆီးထားသည်ဟု ကမ္ဘာကအထင်အမြင်လွဲမှားအောင် လှုံ့ဆော်ရေးသား ထုတ်လွှင့်နေခဲ့ကြသည်။

ဤသည်မှာ နိုင်ငံတကာက မြန်မာနိုင်ငံ၏အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအထိတင်ရန် အစီအမံဖြင့် ရည်ရွယ်ချက်ရှိရှိ မရိုးမသား ပူးပေါင်းဆောင်ရွက် လုပ်ကြံခြင်းပင်ဖြစ်သည်။

ခြုံငုံသုံးသပ်ရသော် အမေရိကန်နှင့် ကိုလိုနီနယ်ချဲ့လက်သစ် တို့သည် ကုလသမဂ္ဂကိုဘေးဖယ် ထားကာ ၎င်းတို့၏ အတ္တကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်ပြီး နိုင်ငံငယ်များအပေါ် ဩဇာလွှမ်းမိုးနိုင်ရေးအတွက် လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေး၊ မူးယစ်ဆေးဝါး ပပျောက်ရေးစသည့် ကိစ္စရပ်များကို နည်းမျိုးစုံဖြင့်အကြောင်းပြပြီး အင်အားသုံး ဥပဒေမဲ့လုပ်ရပ်များ ကျူးလွန်ဖောက်ဖျက်နေသည်မှာ ထင်ရှားလျက်ရှိကြောင်း ဖော်ပြလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၁–၁–၂၀၀၇
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၁၅	၁၁။	ဆရာတော် ဦးဃောသိတ တရားတော် **"ဖဂ္ဂုနရဟန်း"**

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်" **"ကွန်းခိုရာ"**
၁၃း၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	လက်စွမ်းပြပဟန်ဂီတသံ
၄း၃၀	၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀	၆။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၈။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၃။	လျှပ်တစ်ပြက်
၆း၄၅	၁၄။	အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ထွန်းတောက်လာမည့်ကြယ်တစ်ပွင့်"** (အပိုင်း–၁၅)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	English Premier League ဘောလုံးပွဲ Arsenal Vs Machester United (Live)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အမှတ် ၁၂၂ (မြေ ညီ ထပ်) ၃၃လမ်းကျောက်တံတားမြို့နယ်နေ ဦးသာပိုင်–ဒေါ်သန်းသန်းဝင်း မိသားစုက ဗဟန်း မြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့တွဲဖက်အတွင်းရေးမှူး(၂) ဦးဘညာဏ် လက်ခံယူစဉ်။ (က–ပ)

သမ္မတဘုရှ်၏ အီရတ်ဆိုင်ရာအစီအစဉ်ပြည်သူအများစုဆန့်ကျင် ကုန်ကျမည့်ငွေကြေးများမပေးရေး ကွန်ဂရက်၌ ဟန့်တားမည်

စီလီကွန်ဗယ်လေ ဇန်နဝါရီ ၂၀

အမေရိကန်သမ္မတဘုရှ်၏ အီရတ်သို့ တပ်ဖွဲ့ဝင် ၂၁၀၀၀ ထပ်မံစေလွှတ်မည့် အစီအစဉ်အပေါ် အမေရိကန်ပြည်သူအများအပြားက ဆန့်ကျင်လျက်ရှိပြီး အမေရိကန်တပ်ဖွဲ့ဝင်များ စေလွှတ်ရေးအတွက် အသုံးပြုမည့် ငွေကြေးများကိုလည်း မပေးရေး အမေရိကန်ကွန်ဂရက်၌ ဟန့်တားရန် ကြိုးစားကြလိမ့်မည်ဖြစ်ကြောင်း ကွင်းဆင်းလေ့လာချက် အသစ်တစ်ရပ်၌ ဖော်ပြသည်။

သမ္မတဘုရှ်၏ အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မှုအစီအစဉ်ကို အမေရိကန်ပြည်သူ ၆၁ ရာခိုင်နှုန်းက ကန့်ကွက်မှုသဘောထားများပေးခဲ့ကြပြီး အမေရိကန် ကွန်ဂရက်က ရန်ပုံငွေမပေးမှုအပေါ် အမေရိကန်ပြည်သူ ၄၃ ဒသမခိုင်နှုန်းက ထောက်ခံကြောင်း ဆန္ဒပေးခဲ့ကြသည်။ အီရတ်၌ အမေရိကန်သမ္မတဘုရှ်၏ စီမံဆောင်ရွက်မှုများအပေါ် ရီပတ်ဘလီကင်တို့က ၆၀ ရာခိုင်နှုန်းထောက်ခံခဲ့ကြပြီးဒီမိုကရက်တစ်တို့က ၈၂ရာခိုင်နှုန်း မထောက်ခံကြကြောင်းလည်း ဖော်ပြခဲ့ကြသည်။

ထို့အတူ အီရတ်၌ အမေရိကန်တို့အပေါ် မီခိုအားထားမှုပိုမိုရရှိအောင်ပြုလုပ်ခြင်းကြောင့် အီရတ်အစိုးရကို ထိခိုက်နစ်နာမှုဖြစ်ပေါ်စေအောင် ပိုမိုပြုလုပ်ရာရောက်ကြောင်း ဆန္ဒရှိသူ ၄၃ရာခိုင်နှုန်းရှိနေသည်။ **အမ်အင်န်အေ၊ ပီတီအိုင်**

ရခိုင်ကမ်းလွန်ဒေသလုပ်ကွက် A-6 ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုးချုပ်ဆို

နေပြည်တော် ဇန်နဝါရီ ၂၀

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဗြိတိသျှဗားဂျင်းကျွန်း၌ ဖွဲ့စည်းတည်ထောင်ထားသော MPRL E & P Pte. Ltd.တို့သည် ရခိုင်ကမ်းလွန်ဒေသလုပ်ကွက် A-6၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract)ကို ဇန်နဝါရီ၁၈ရက်က နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

တက်ရောက်

အဆိုပါ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဒုတိယဥက္ကဋ္ဌနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ရှေ့နေချုပ်ဦးအေးမောင်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ MPRL E & P Pte. Ltd.၏ အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်၊ အထွေထွေမန်နေဂျာ ဦးမျိုးတင်၊ Country Manager Mr.Terence John Howeနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးသောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို MPRL E & P Pte Ltd. ၏ Country Manager Mr.Terence John Howeအား ပေးအပ်စဉ်။ (စွမ်းအင်)

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်အမှာစကား ပြောကြားပြီး MPRL E & P Pte. Ltd.၏ အမှုဆောင်အရာရှိချုပ်ဦးမိုးမြင့်နှင့်မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

လက်မှတ်ရေးထိုး

ဆက်လက်၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်၊ MPRL E & P Pte Ltd. ၏ Country Manager Mr.Terence John Howeနှင့် အသိသက်သေများအဖြစ် စွမ်းအင်စီမံရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ MPRL E & P Pte Ltd.၏ Deputy Country Manager Mr. Michael Dennis Pierce တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

လက်ခံ

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်ကိုပေးအပ်ရာ MPRL E & P Pte Ltd. ၏ အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်က လည်းကောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနနှင့် အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို ပေးအပ်ရာ MPRL E & P Pte Ltd. ၏ Country Manager Mr. Terence John Howe က လည်းကောင်း လက်ခံကြသည်။

ယင်းလက်မှတ်ရေးထိုး ချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်သည် ရခိုင်ကမ်းလွန်ဒေသလုပ်ကွက် A-6 အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး အခြေခံဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားရန် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E Mr. Shri Pranab Mukherjeeအား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✳ ကျောဖုံးမှ

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Bhaskar Kumar Mitra လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ထွန်းဖောင်ဒေးရှင်းစာပေဆုစာအုပ် စာမူစာရင်းကြေညာ

ရန်ကုန် ဇန်နဝါရီ ၂၀

ထွန်းဖောင်ဒေးရှင်းဘဏ်က မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေး၊ စာကောင်းပေမွန်များပေါ်ထွက်ရေးကို တစ်နည်းတစ်လမ်း ပါဝင်ထောက်ကူသောအားဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆုဟူ၍ ၂၀၀၆ခုနှစ် မတ်လမှစပြီး ဆောင်ရွက်ခဲ့သည်။ ထို့နောက် စာအုပ်စာမူများ ဖိတ်ခေါ်ခဲ့ပြီး ပထမအကြိမ်ချီးမြှင့်မည့် ၂၀၀၅ခုနှစ်အတွက် စာအုပ်စာမူစာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်။

ထွန်းဖောင်ဒေးရှင်း စာပေဆုတွင် စာအုပ်ဆုနှင့် ယှဉ်ပြိုင်သော စာမူဆုဟူ၍ နှစ်မျိုးသတ်မှတ်ထားရာ ၂၀၀၅ခုနှစ်အတွင်း ထုတ်ဝေသော စာအုပ်များနှင့်စည်းကမ်းနှင့်အညီ ယှဉ်ပြိုင်တင်သွင်းသော စာမူများကို ထွန်းဖောင်ဒေးရှင်းစာပေဆုကော်မတီက ခန့်အပ်သော ဆုရွေးချယ်ရေးကော်မတီက စိစစ်ရွေးချယ်ပေးခဲ့သည်။

ဘာသာရပ်ငါးမျိုး

စာပေဆုများကို စာအုပ်နှင့်စာပေ နှစ်မျိုးစလုံးအတွက် ဘာသာရပ်ငါးမျိုး သတ်မှတ်ထားရာ ၂၀၀၅ခုနှစ်အတွက် ထုတ်ဝေသော မြန်မာစာအုပ်များထဲမှ စီးပွားရေးဘာသာရပ်အတွက် တင်သန်းယု(မြန်မာ့ခရီးသွား) ရေးသားသော **“မြန်မာပြည်ပင်လယ်အဏ္ဏဝါအခြေခံ ခရီးသွားလုပ်ငန်း”**စာအုပ်နှင့် အောင်စည်ဟိန်းရေးသားသော **“အမှိုက်ထဲကရွှေနှင့် လူနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ဆောင်းပါးများ”** စာအုပ်၊ ကျန်းမာရေးဘာသာရပ်အတွက် အောင်(ဆေး-၁)ရေးသားသော **“ကျန်းမာစေကြောင်း နည်းလမ်းကောင်းများ”**စာအုပ်၊ ကလေးလူငယ်ဘာသာရပ်အတွက် ဒေါက်တာမြင့်လွင် ရေးသားသော **“လူငယ်တို့အတွက် ဘဝနေထိုင်နည်း”**စာအုပ်၊ သမိုင်းနှင့်အတ္ထုပ္ပတ္တိဘာသာရပ်အတွက် ဦးအောင်နိုင် ရေးသားသော **“နယ်ချဲ့ခုခံစစ်နှင့် မျိုးချစ်သူရဲကောင်း ဗိုလ်ရာညွန့်”**စာအုပ်နှင့် ရဲမြင့်(သစ်တော)ရေးသားသော**“ကျွန်တော် မြန်မာသစ်တောသမားနှင့် လက်ရွေးစင်ဆောင်းပါးများ”**စာအုပ်တို့ ဖြစ်ကြသည်။

၂၀၀၅ခုနှစ်အတွက် ပါဝင်ယှဉ်ပြိုင်သော စာမူများအလိုက် ဘာသာရပ်ငါးမျိုးသတ်မှတ်သည့်အနက် သမိုင်းဘာသာရပ်အတွက် အင်္ဂလိပ်ဘာသာဖြင့် ဦးအောင်သန်းထွန်း(မုံရွာ)ရေးသားသော “Kinwun Mingyi Thamaing”စာမူနှင့် စီးပွားရေးဘာသာရပ်အတွက် ဦးဖေသန်းတင် ရေးသားပြုစုသော **“မြန်မာ့ကုမ္ပဏီ လုပ်ငန်းအခြေခံများ”**စာမူတို့ ဖြစ်ကြသည်။

အင်္ဂလိပ်ဘာသာ

အင်္ဂလိပ်ဘာသာဖြင့် ပြုစုရေးသားသော စာအုပ်များအနက် သမိုင်းနှင့်ယဉ်ကျေးမှုဘာသာရပ်အတွက် ဒေါက်တာသန်းထွန်းရေးသားသော “Some Observations on History and Culture of Early Myanmar”နှင့် ကျန်းမာရေးဘာသာရပ်အတွက် ဒေါက်တာကိုကို၊ ဒေါက်တာကျော်လွင်နှင့် ဒေါက်တာထွန်းအောင်ကျော်တို့ စုဆောင်းပြုစုသော “ Conquest of Scourges in Myanmar; an update”တို့ဖြစ်ကြသည်။

၂၀၀၅ခုနှစ်အတွက် ချီးမြှင့်မည့်ဆုပေါင်းမှာ မြန်မာစာအုပ်ဆု ခြောက်ဆုနှင့် မြန်မာစာမူဆုတစ်ဆု၊ အင်္ဂလိပ်ဘာသာစာမူဆုတစ်ဆုအပြင် အင်္ဂလိပ်ဘာသာဖြင့် စာအုပ်ဆုနှစ်ဆုဖြစ်၍ စုစုပေါင်း၁၀ဆုဖြစ်သည်။ ထွန်းဖောင်ဒေးရှင်းစာပေဆုများ ချီးမြှင့်မည့်ရက်ကို ထပ်မံ၍ ကြေညာမည်ဖြစ်သည်။

ဆုရရှိသူများ သို့မဟုတ် ကိုယ်စားလှယ်များသည် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ် ၅၃/၆၁ရှိ ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ ဖုန်း-၀၁-၂၉၁၈၈၁ သို့ ဆက်သွယ်သတင်းပေးပို့ကြရန်နှင့်လိုင်စင်ဓာတ်ပုံနှစ်ပုံစီနှင့် ကိုယ်ရေးမှတ်တမ်းအချက်အလက် အထောက်အထားများပါ ယူဆောင်လာ၍ ဆက်သွယ်သတင်းပို့ကြရန် အကြောင်းကြားထားသည်။

၂၀၀၆ခုနှစ် ထွန်းဖောင်ဒေးရှင်း စာပေဆုများအတွက် တင်သွင်းယှဉ်ပြိုင်လိုသော စာပေပညာရှင်များ၏ စာအုပ်နှင့်စာမူများကို ယခုမှစ၍ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်ကာ စည်းကမ်းချက်များတောင်းယူ၍ပေးပို့နိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်စကြာ အရှင်စန္ဒသိရီ တရားဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၀

သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၏ ပြည်တွင်းပြည်ပ သာသနာပြု နယ်လှည့် ဓမ္မကထိက အောင်စကြာ အရှင်စန္ဒသိရီ (ဓမ္မာစရိယ)သည် ဇန်နဝါရီ၂၁ရက်တွင် သာကေတမြို့ ၄ရပ်ကွက် ဆုတောင်းပြည့် မြစေတီဘုရားပွဲတော်ဓမ္မသဘင်၊ ၂၂ရက်တွင် တာမွေမြို့နယ် ကျောက်မြောင်း သီတာ လှူငယ်ဆွမ်းလောင်းအသင်း (၅၁)နှစ်မြောက် ဆွမ်းအောင်ပွဲ ဓမ္မသဘင်၊ ၂၄ရက်တွင် သာကေတမြို့ ၁၀/တောင် ၁၂ရပ်ကွက် သလ္လာဝတီ ၅လမ်း ဓမ္မသဘင်၊ ၂၅ရက်ညနေ ဆည်းဆာတွင် သာကေတမြို့ ၁၀/တောင် နွယ်နီ ၄လမ်း သာသနဝုဓ္ဓိ ဓမ္မာရုံဓမ္မသဘင်၊ညစနာရီတွင် သာကေတမြို့ ၁၀/တောင် ၁၃ရပ်ကွက် ၇ ဈေးလမ်းမကြီးဓမ္မသဘင်၊ ၂၇နှင့် ၂၈ ရက်များတွင် သံဖြူဇရပ်မြို့ ဦးအောင်စိုး-ဒေါ်ရင်ရင်စိုးတို့၏ သမီးရတနာ နာမည်ပေးကင်ပွန်းတပ် ဓမ္မသဘင်၊ ၃၁ ရက်တွင် သာကေတမြို့ ၈ရပ်ကွက် ဒါနသုခဆွမ်းလောင်းအသင်း (၂၄)ကြိမ်မြောက်ဆွမ်းအောင်ပွဲ ဓမ္မသဘင်တို့၌ သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

ပုသိမ်မြို့ ကုလဝိသေသီ သီလရှင် ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာကြီးဒေါ်ဣန္ဒရီ၊ ဒေါ်ကုမာရီတို့အားအမှူးထား၍ သီလရှင်အပါး ၈၀တို့အတွက် သီလရှင်ဝတ်စုံလှူဒါန်းပွဲနှင့်စာအောင်ဆုပေးပွဲကို ဇန်နဝါရီ ၇ရက်က ကျင်းပရာ ပုသိမ်မြို့ ဗိုလ်ဗဒွေလမ်းနေ ဦးထွန်းဝင်း၊ ဒေါ်နွဲ့နွဲ့ရည်တို့၏ သမီး မမေဇင်ဦးမွေးနေ့အလှူအဖြစ် ငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သွားဘက်ဆိုင်ရာဆရာဝန်အသင်း ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

(၂၇)ကြိမ်မြောက် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းညီလာခံနှင့်(၈)ကြိမ်မြောက် FDI-MDA Joint Educational Meeting ကို ဇန်နဝါရီ၂၄ရက်မှ၂၇ရက်အထိ ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ညီလာခံတက်ရောက်မည့် သွားဘက်ဆိုင်ရာ ဆရာဝန်များသည် အဆိုပါဟိုတယ်၌ ဇန်နဝါရီ၂၂ရက်မှ ၂၃ရက်အတွင်း နံနက်၉နာရီမှ မွန်းလွဲ ၂နာရီအထိ စာရင်းပေးသွင်း မှတ်ပုံတင်နိုင်ကြောင်းနှင့် ညီလာခံကိုယ်စားလှယ်များသည် ညီလာခံဖွင့်ပွဲအခမ်းအနားသို့ နံနက်၈နာရီအရောက် မပျက်မကွက်လာရောက်ပေးကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကချင်ပြည်နယ်အထူးဒေသ(၂)အဖွဲ့ (KIO) သဘောထားကြေညာချက်

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စကို တိုင်းရင်းသားများအချင်းချင်း ညှိနှိုင်းဆွေးနွေးသောနည်းဖြင့် ပြည်တွင်း၌သာဖြေရှင်းသင့်သည်ဟု အခိုင်အမာယုံကြည်

ရန်ကုန် ဇန်နဝါရီ ၂၀

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ကချင်ပြည်နယ်အထူးဒေသ(၂)အဖွဲ့(KIO)က သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် ကချင်ပြည်နယ် အထူးဒေသ(၂)အဖွဲ့ (KIO)၏ သဘောထားထုတ်ပြန်ချက်

၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေး၌ ပြည်ထောင်စုမြန်မာနိုင်ငံ အရေးကိစ္စကို မဲခွဲဆုံးဖြတ်ရာတွင် ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာသုံးပြီး ကန့်ကွက်ခဲ့ကြကြောင်းကို ကြားသိရပါသည်။ ၎င်းနိုင်ငံ နှစ်နိုင်ငံစလုံးသည် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် နှစ်ပေါင်းကြာရှည်စွာ ရင်းရင်းနှီးနှီးဆက်ဆံခဲ့ကြသော နိုင်ငံများဖြစ်သဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စရပ်များကို ကောင်းမွန်စွာသိရှိထားကြမည်မှာ ယုံမှားသံသယရှိစရာ မလိုပေ။ အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သောကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏အရေးကို အခြားသော နိုင်ငံများထက်ပို၍ သိရှိလိမ့်မည်ဟု ယုံကြည်ပါသည်။

ဤသို့ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ကောင်းစွာသိရှိထားကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ပြည်ထောင်စုမြန်မာနိုင်ငံ၏အရေးကိစ္စကို ဗီတိုအာဏာသုံးပြီး ကန့်ကွက်ခဲ့ကြခြင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို စိတ်ပါဝင်စားမျှော်ကိုးသည့်အပြင် အိမ်နီးချင်းကောင်းအဖြစ် တာဝန်ခံမှုလည်း ဖြစ်လိမ့်မည်ဟု ယုံကြည်သောကြောင့် မိမိတို့ ကေအိုင်အိုဗဟိုအနေနှင့် နားလည်ထောက်ခံပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စကို တိုင်းရင်းသားများအချင်းချင်း ညှိနှိုင်းဆွေးနွေးသောနည်းဖြင့် ပြည်တွင်း၌သာ ဖြေရှင်းသင့်သည်ဟု မိမိတို့အခိုင်အမာယုံကြည်သည်။ နိုင်ငံတော်အစိုးရမှ ချမှတ်အကောင်အထည်ဖော်နေသော နိုင်ငံတော်ရှေ့ဆက်ရမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် နိုင်ငံတော်အတွင်း၌ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်သည်။ ထို့ကြောင့် မိမိတို့ ကေအိုင်အိုအဖွဲ့အစည်းသည် အခြားသော တိုင်းရင်းသားများနှင့်အတူ အမျိုးသားညီလာခံ၌ အင်တိုက်အားတိုက် ပါဝင်တက်ရောက်နေခြင်းဖြစ်ပါသည်။ ထိုသို့ ပြည်တွင်း၌ တိုင်းရင်းသားညီအစ်ကိုများ လက်တွဲဝန်းရံပြီး တိုင်းပြည်၏ ကောင်းရာကောင်းကြောင်းကို ရည်စူးကာကြိုးပမ်းလုပ်ဆောင်နေချိန်တွင် ပြည်ပနိုင်ငံများမှလည်း စေတနာကောင်းဖြင့် ကူညီပံ့ပိုးပေးကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ဗဟိုကော်မတီ
ကေအိုင်အို။

ရခိုင်ငြိမ်းချမ်းရေးအဖွဲ့ သဘောထားကြေညာချက်

မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာဖြေရှင်းသင့်သောကိစ္စဟုယုံကြည် ပြည်ပမှ ဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကိုလက်မခံ

ရန်ကုန် ဇန်နဝါရီ ၂၀

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေး ကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် ရခိုင်ငြိမ်းချမ်းရေးအဖွဲ့က ဇန်နဝါရီ ၁၆ ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ရခိုင်ငြိမ်းချမ်းရေးအဖွဲ့ကြေညာချက်

ရက်စွဲ။ ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၆ ရက်

၁။ လုံခြုံရေးကောင်စီတွင် အစီအစဉ်တင်သွင်းမှုအား ရခိုင်ငြိမ်းချမ်းရေးအဖွဲ့အနေဖြင့် ကန့်ကွက်ခဲ့ပြီးဖြစ်သည်။ ငြိမ်းချမ်းရေးအဖွဲ့အစည်းများက ကန့်ကွက်ခဲ့ကြသလို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ကန့်ကွက်ခဲ့ပြီးသည့်အပြင် ပြည်သူတစ်ရပ်လုံး ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီးဖြစ်ပါသည်။

စာမျက်နှာ ၆ ကော်လံ ၁

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်အသင်း သဘောထားကြေညာချက်

ပြည်တွင်းမှအဖျက်သမားများ၏စွပ်စွဲချက်များကို အကြောင်းပြုပြီး မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို စွက်ဖက်ခြယ်လှယ်ရန်ကြိုးပမ်းသည့် အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်မကန်လုပ်ရပ်ကိုကန့်ကွက်ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၂၀

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်အသင်းက သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို စွက်ဖက်ခြယ်လှယ်ရန်ကြိုးပမ်းအားထုတ်ပြီး ဆုံးဖြတ်ချက်မူကြမ်း တင်သွင်းခဲ့သည့် အမေရိကန်နှင့်ဗြိတိန်တို့၏ တစ်ဖက်သတ်လုပ်ရပ်ပျက်ပြယ်သွားခဲ့ခြင်းနှင့်စပ်လျဉ်း၍ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်း၏ ထုတ်ပြန်ကြေညာချက်

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့က အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ် လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ Double Veto သုံး၍ ကန့်ကွက်ပယ်ချလိုက်ကြောင်း သိရှိရပါသည်။

အမေရိကန်အစိုးရနှင့်ဗြိတိန်အစိုးရတို့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်နေမှုများကို မျက်ကွယ်ပြု၍ ပြည်တွင်းမှ အဖျက်သမားများ၏ မမှန်မကန်တင်ပြချက်များကို အခြေပြုသည့် မဟုတ်မမှန် လုပ်ကြံစွပ်စွဲချက်များကိုအကြောင်းပြုပြီး မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းခဲ့ပါသည်။ ထိုကဲ့သို့မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိုစွက်ဖက်ခြယ်လှယ်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကိုလည်း ခုတုံးလုပ်အသုံးချခဲ့ပြီး လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအချို့ကိုလည်း ဖိအားပေးခဲ့ကြောင်းသိရှိရပါသည်။

အမေရိကန်နှင့်ဗြိတိန်တို့၏ အထက်ဖော်ပြပါ မအောင်မြင်သောတစ်ဖက်သတ်လုပ်ရပ်သည် တရားမျှတမှုကင်းမဲ့ပြီး မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကိုပါ ထိပါးပျက်ပြားစေရန်နှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကြံရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းက ရှုမြင်ပါသည်။ ထို့ကြောင့် အမေရိကန်နှင့်ဗြိတိန်တို့၏ မမှန်မကန်ကြိုးပမ်းခဲ့သည့် လုပ်ရပ်နှင့်စပ်လျဉ်း၍ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလိုက်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် အမှန်တရားကိုအသိအမှတ်ပြု ရပ်တည်ပေးခဲ့ကြပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ မဲခွဲဆုံးဖြတ်ရာတွင် ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကနိုင်ငံအားလည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်း။

မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း သဘောထားကြေညာချက်

အမေရိကန်၏ မြန်မာနိုင်ငံအပေါ် မမှန်မကန်လုပ်ဆောင်မှုကို အချိန်ကိုက် လိုက်ပါလှုပ်ရှား အားပေးထောက်ခံခဲ့ကြသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများအား ကန့်ကွက်ပြစ်တင်ရှုတ်ချ

ရန်ကုန် ဇန်နဝါရီ ၂၀

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းက ဇန်နဝါရီ၁၅ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေး ကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၏သဘောထားကြေညာချက်

အမေရိကန်အစိုးရသည် ၎င်း၏အကျိုးစီးပွားအတွက် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ကြိုးပမ်းအားထုတ်ခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးအရေးယူပေးရန် အဆိုပြုဆုံးဖြတ်ချက် မူကြမ်းတစ်ရပ်ကို ဆက်လက်တင်သွင်းခဲ့ပြီးနောက် ၎င်းတို့၏ မမှန်ကန်သောတစ်ဖက်သတ်လုပ်ရပ်သည် အောင်မြင်မှုမရှိဘဲ ပျက်ပြားသွားကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းက များစွာကျေနပ် အားရဖြစ်မိပါကြောင်း ဖော်ပြအပ်ပါသည်။

အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေး မမှန်မကန်လုပ်ဆောင်မှုတို့ကို အတိုင်အဖောက်ညီညီ အချိန်ကိုက်လိုက်ပါ လှုပ်ရှားအားပေးထောက်ခံခဲ့ကြသော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများအားလည်း ကန့်ကွက်၍ ပြစ်တင်ရှုတ်ချလိုက်ပါသည်။

စာမျက်နှာ ၆ ကော်လံ ၁

ကယန်းအမျိုးသားကာကွယ်ရေးတပ် သဘောထားထုတ်ပြန်ကြေညာချက်

မြန်မာ့အရေးကိစ္စ ပြည်ပမှ ဝင်ရောက်ဖြေရှင်းမှု လက်မခံ အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည်သာ အမှန်ကန်ဆုံးဖြစ်သည်ဟု အခိုင်အမာယုံကြည်

ရန်ကုန် ဇန်နဝါရီ ၂၀

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် ကယန်းအမျိုးသားကာကွယ်ရေးတပ်က ဇန်နဝါရီ ၁၆ ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ကယန်းအမျိုးသားကာကွယ်ရေးတပ်၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

၁။ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မြန်မာနိုင်ငံအရေးကိစ္စ အစီအစဉ်တင်သွင်းမှုအား ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် ကန့်ကွက်ခဲ့ပြီးဖြစ်သကဲ့သို့ ပြည်သူတစ်ရပ်လုံးကလည်း ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီးဖြစ်ပါသည်။

၂။ ထိုကဲ့သို့ ဆန့်ကျင်ကန့်ကွက်နေသည့်ကြားမှ အမေရိကန်နိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့သည် မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားရှိမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်နေမှု၊ အိပ်ချ်အိုင်ဗွီ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါပြန့်ပွားနေခြင်းတို့ မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်နေမှုကို တားဆီးနှိမ်နင်းခြင်းမရှိမှု စသည့် မမှန်ကန်သောအကြောင်းပြချက်များဖြင့် ယခုကဲ့သို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခဲ့ကြောင်း သိရှိရပါသည်။

၃။ အဆိုပါလုပ်ကြံစွပ်စွဲမှုများ၌ မြန်မာနိုင်ငံအရေးသည် ဒေသအတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်သည်မှာ မမှန်မကန်စွပ်စွဲမှုဖြစ်သောကြောင့် လက်မခံနိုင်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်ခဲ့ကြပြီး ကျန်သုံးနိုင်ငံက ကြားနေခဲ့ကြောင်းနှင့် ၁၉၇၂ ခုနှစ်မှ ယနေ့အထိ မကြုံခဲ့ဖူးသော Double Veto သုံးခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၄။ မြန်မာနိုင်ငံ အရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သောကိစ္စဟု ယုံကြည်၍ ပြည်ပမှဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်ကြောင်းနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ပါဝင်ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည်သာ အမှန်ကန်ဆုံးဖြစ်သည်ဟု ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အခိုင်အမာယုံကြည်ပါကြောင်း ကြေညာအပ်ပါသည်။

၅။ ၎င်းအပြင် မြန်မာနိုင်ငံအခြေအနေကို နားလည်ပေးပြီး ထောက်ခံအားပေးမှုများပြုလုပ်ပေးခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကိုလည်း ကျွန်ုပ်တို့ ကယန်းအမျိုးသားကာကွယ်ရေးတပ် (KNG) အဖွဲ့မှ မြန်မာနိုင်ငံ ပြည်သူလူထုကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဌေးကို
ဥက္ကဋ္ဌ
ကယန်းအမျိုးသားကာကွယ်ရေးတပ်

ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ (ဟောင်သရောအထူးဒေသ) ကြေညာချက်

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စကို မိမိပြည်တွင်းရှိ တိုင်းရင်းသား ညီအစ်ကိုများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ လုပ်ဆောင်သွားမည်

ရန်ကုန် ဇန်နဝါရီ ၂၀

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ (ဟောင်သရောအထူးဒေသ)က ဇန်နဝါရီ ၁၉ ရက်တွင် သဘောထား ကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် ကရင်ငြိမ်းချမ်းရေးတပ်ဖွဲ့ (ဟောင်သရောအထူးဒေသ)၏ ထုတ်ပြန်ကြေညာချက်

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်

၁။ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အမေရိကန်က အမှူးပြုသည့် ကြိုးပမ်းမှုမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်များဖြစ်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က Double Veto အာဏာဖြင့် ဆန့်ကျင်ပယ်ချခဲ့မှုကြောင့် ပျက်ပြားခဲ့ကြောင်း သိရှိရသည်။

၂။ အင်အားနည်းသည့်နိုင်ငံများအပေါ် စိုးမိုးခြယ်လှယ်လိုသည့် အင်အားကြီးနိုင်ငံကြီးအချို့၏ မမှန်ကန်သော လုပ်ရပ်ကို အင်အားကြီးနိုင်ငံ(သို့) Veto အာဏာရနိုင်ငံများက ကြောင်းကျိုး ဆင်ခြင်တုံတရားပြည့်ဝစွာဖြင့် တည့်မတ်ပေးလိုက်သည့် အဆုံးအဖြတ်တစ်ရပ်အဖြစ် မိမိတို့အဖွဲ့မှ အသိအမှတ်ပြုမှတ်ယူသည်။

၃။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စသည် မိမိပြည်တွင်းရှိ အလွှာအသီးသီးမှ တိုင်းရင်းသားညီအစ်ကိုများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံကာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ လုပ်ဆောင်သွားရမည်သာဖြစ်သည်။

၄။ နိုင်ငံရေးအကျဉ်းသားပြဿနာ၊ HIV၊ တီဘီနှင့် ငှက်ဖျားရောဂါပြဿနာများကို ယိုးမယ်ဖွဲ့ပုံကြီးချဲ့ကာ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသည်ဟု ကြောင်းကျိုးမဲ့စွပ်စွဲပြီး ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆွေးနွေးဆုံးဖြတ်ရန် ကြိုးပမ်းမှုများသည် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာသဘော သက်ရောက်နေသဖြင့် ပယ်ချရှုံးနိမ့်ခဲ့ရခြင်းမှာ ဖြစ်သင့်ဖြစ်ထိုက်၊ လုပ်သင့်လုပ်ထိုက်သည်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံများက ဆုံးဖြတ်ခြင်းဟု မိမိတို့အဖွဲ့က မှတ်ယူယုံကြည်ပါသည်။

၅။ မြန်မာနိုင်ငံအရေးကိစ္စအပေါ် သိရှိနားလည် စာနာစိတ်ဖြင့် ပကတိဖြစ်ရှိ အမှန်တရားဘက်မှ ပြတ်သားစွာရပ်တည်ပေးခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ တောင်အာဖရိကနိုင်ငံအားလည်းကောင်း များစွာကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာ့ပြည်တွင်းရေး ကိစ္စသည် မြန်မာပြည်သူများနှင့်သာ တိုက်ရိုက်သက်ဆိုင်ပါကြောင်း မိမိတို့အဖွဲ့က ကြေညာအပ်ပါသည်။

ဦးစောသမူဟဲ
တပ်ဖွဲ့မှူး
လက်နက်နှင့်ငြိမ်းချမ်းရေး
လဲလှယ်သောတပ်ဖွဲ့
ဟောင်သရောအထူးဒေသ၊ ကရင်ပြည်နယ်

ကရင်နီ အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) ကြေညာချက်

မြန်မာ့အရေးကိစ္စ တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာဖြေရှင်းသင့် အမျိုးသားညီလာခံ၌ ဆွေးနွေးအဖြေရှာခြင်းသည်သာ မှန်ကန်သောနည်းလမ်းဖြစ် ပြည်ပမှ ဝင်ရောက်စွက်ဖက်မှုကို ကန့်ကွက်

ရန်ကုန် ဇန်နဝါရီ ၂၀

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP)က ဇန်နဝါရီ ၁၇ ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP)၏ သဘောထားကြေညာချက်

ရက်စွဲ။ ၁၇-၁-၂၀၀၇

၁။ မြန်မာနိုင်ငံအခြေအနေကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆွေးနွေးမည့်အစီအစဉ်အား KNDP (နဂါး)အဖွဲ့အစည်းမှ လုံးဝ(လုံးဝ)ကန့်ကွက်ခဲ့ပြီး ဖြစ်ပါသည်။ ထိုနည်းတူစွာ ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားအားလုံးကလည်း ပြည်နယ်၊ တိုင်းဒေသများအလိုက် ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီး ဖြစ်ပါသည်။

စာမျက်နှာ ၆ ကော်လံ ၁

မွန်ပြည်သစ်ပါတီ (ခွဲထွက်)အဖွဲ့ သဘောထားကြေညာချက်

ပြည်ထောင်စု မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စသည် မြန်မာတိုင်းရင်းသား အချင်းချင်း ဖြေရှင်းမှုသာ အောင်မြင်နိုင် ပြည်ပမှ အင်အားသုံး ဖိအားပေး စွက်ဖက်မှုများကို လုံးဝ(လုံးဝ)လက်မခံ

ရန်ကုန် ဇန်နဝါရီ ၂၀

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေး ကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်းတင်သွင်းခြင်းအပေါ် မွန်ပြည်သစ်ပါတီ (ခွဲထွက်)အဖွဲ့က ဇန်နဝါရီ ၁၈ ရက်တွင် သဘောထားကြေညာချက်တစ်ရပ်ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် မွန်ပြည်သစ်ပါတီ (ခွဲထွက်)အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်

၁။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်းကိုယ်စားလှယ်၏တင်ပြမှုကြောင့် ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် မြန်မာနိုင်ငံ၏အခြေအနေအား လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ခြင်းကို မိမိတို့အဖွဲ့မှ

စာမျက်နှာ ၆ ကော်လံ ၄

စာမျက်နှာ ၄ မှ

၂။ ထိုကဲ့သို့ ဆန့်ကျင်နေသည့်ကြားမှ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့သည် မြန်မာနိုင်ငံပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နိုင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားမှု၊ တိုင်းရင်းသား လူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တားဆီးနှိမ်နင်းခြင်းမရှိမှုစသည့် မမှန်ကန်သောအကြောင်းပြချက်များဖြင့် ဆက်လက်ကြိုးစားခဲ့သဖြင့် ယခုကဲ့သို့ ဆုံးဖြတ်ချက်တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။
၃။ ထိုလုပ်ကြံစွပ်စွဲမှုများ၌ မြန်မာ့အရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်သည် ဆိုသည်မှာ မမှန်မကန်စွပ်စွဲမှုဖြစ်သောကြောင့် လက်မခံနိုင်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်ခဲ့ပြီး ကျန်သုံးနိုင်ငံက ကြားနေခဲ့ခြင်းဖြစ်သည်။
၄။ မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သောကိစ္စဟု ယုံကြည်၍ ပြည်ပမှ ဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်ကြောင်းနှင့် အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည်သာ အမှန်အကန်ဖြစ်ကြောင်း ရခိုင်ငြိမ်းချမ်းရေးအဖွဲ့အစည်းအနေဖြင့် အခိုင်အမာ ယုံကြည်ကြောင်း ကြေညာအပ်ပါသည်။

စောထွန်းဦး
ဥက္ကဋ္ဌ
ရခိုင်ငြိမ်းချမ်းရေးအဖွဲ့
ရခိုင်ပြည်နယ်။

စာမျက်နှာ ၄ မှ

၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၂ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မဲခွဲဆုံးဖြတ်ရာ ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကသမ္မတနိုင်ငံအားလည်းကောင်း၊ မြန်မာနိုင်ငံအပေါ် အပြုသဘော ဆွေးနွေးခဲ့ကြသော နိုင်ငံများအားလည်းကောင်း မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းက အထူးပင် ဂုဏ်ပြုကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း

ရက်စွဲ။ ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၅ရက်
ရန်ကုန်မြို့။

စာမျက်နှာ ၅ မှ

၂။ ထိုကဲ့သို့ ဆန့်ကျင်ကန့်ကွက်နေသည့်ကြားမှ အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့သည် မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန် နိုင်ငံရေးအကျဉ်းသားများအားဖမ်းဆီးထားမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသရှိ တိုင်းရင်းသားအချို့ကိုတိုက်ခိုက်ပြီး လူ့အခွင့်အရေးချိုးဖောက်နေမှု၊ HIV၊ တီဘီ၊ ငှက်ဖျားရောဂါ ပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုများအား တားဆီးနှိမ်နင်းနိုင်ခြင်းမရှိမှု စသည့် မဟုတ်မမှန် အကြောင်းပြပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံ၏အရေးကိစ္စအပေါ် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အဆိုပြုချက်မူကြမ်းတင်သွင်းခဲ့ကြောင်း သိရှိရပါသည်။
၃။ ထိုကဲ့သို့ မဟုတ်မမှန်စွပ်စွဲမှုများတွင် မြန်မာနိုင်ငံအရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေး၊ လုံခြုံရေးကိုထိခိုက်မှုရှိသည်ဆိုခြင်းမှာ လုပ်ကြံစွပ်စွဲမှုတစ်ခုသာဖြစ်၍ လက်မခံနိုင်ပါ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်ခဲ့ပြီး ကျန်သုံးနိုင်ငံတို့က ကြားနေခဲ့ကြခြင်းဖြစ်ပါသည်။ ၁၉၇၂ခုနှစ်မှ ယနေ့ ၂၀၀၇ ခုနှစ် အစပိုင်းထိ တစ်ခါမျှ မကြုံခဲ့ဖူးသော Double Veto သုံးစွဲခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပကတိအခြေအနေကို သိရှိနားလည် ထောက်ခံအားပေးမှုများ လုပ်ဆောင်ပေးခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား အထူးပင်ကျေးဇူးတင်ပါသည်။
၄။ မြန်မာနိုင်ငံ၏ အရေးကိစ္စအားလုံးသည် တိုင်းရင်းသားများကသာ မြန်မာ့ပြည်တွင်းတွင် ဖြေရှင်းသင့်သည်ဟု အပြည့်အဝယုံကြည်ပါသည်။ ပြည်ပမှစွက်ဖက်ဖြေရှင်းမှုကို လက်မခံနိုင်ပါ။ မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြမည်ဖြစ်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းမှသာ မှန်ကန်သောဆုံးဖြတ်ချက်ချမှတ်နိုင်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့ ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ KNDP (နဂါး)အဖွဲ့က ခိုင်မာစွာယုံကြည်ကြောင်း ကြေညာအပ်ပါသည်။

ဒုတိယဥက္ကဋ္ဌ
ကရင်နီအမျိုးသားဒီမိုကရက်တစ်ပါတီ

စလင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

စလင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၈ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံဘုရားအရှေ့မုခ်ရှိ စား/ဖျော် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များနှင့် အသင်းမဝင်ရသေးသော မြို့နယ်သူမြို့နယ်သားများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အသက် ၇၅ နှစ်အထက် အသင်းဝင်များ အမည်စာရင်း၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ အသင်းဝင်သားသမီးများ၏ အမည်စာရင်းကို ဇန်နဝါရီ ၂၅ ရက် နောက်ဆုံးထား၍ ဦးကျော်နိုင် ဖုန်း-၅၆၁၈၉၂ လိုင်းခွဲ-၂၂၉၊ ဒေါ်ညိုညို ဖုန်း-၆၆၅၆၂၇၊ ဦးစန်းညိုအောင် ဖုန်း-၆၈၁၂၃၀၊ ဦးစိန်ဝင်းမော်၊ ဖုန်း-၆၈၃၆၂၃၊ ဦးလင်းသက်မော် ဖုန်း-၀၉-၅၁၁ ၇၂၂၉နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်ပေးပို့ကြပါရန်နှင့် အလှူငွေပါဝင်လိုသူများ အမြန်ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

သာယာမည်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

စာမျက်နှာ ၅ မှ

ကန့်ကွက်ခဲ့ပြီးဖြစ်သည်။ ပြည်သူတစ်ရပ်လုံးကလည်း ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည့်အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ကလည်း ဆန့်ကျင်ကန့်ကွက်ခဲ့ကြပြီးဖြစ်ပါသည်။
၂။ ထိုသို့ ဆန့်ကျင်နေသည့်ကြားမှပင် အမေရိကန်နှင့် ဗြိတိန်တို့သည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နိုင်ရန်အတွက် မြန်မာနိုင်ငံ၏အနေအထားသည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လျက်ရှိခြင်း၊ တိုင်းရင်းသား လူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို တားဆီးနှိမ်နင်းမှုမရှိခြင်း၊ ကူးစက်ရောဂါပြန့်ပွားမှုမထိန်းချုပ်နိုင်ခြင်း၊ နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားခြင်း စသည့် မမှန်ကန် သောအကြောင်းပြချက်များနှင့် ဆက်လက်ကြိုးစားခဲ့သဖြင့် ယခုကဲ့သို့ ဆုံးဖြတ်ချက်တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။
၃။ ထိုသို့ လုပ်ကြံစွပ်စွဲမှုများ၌ မြန်မာ့အရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်သည်ဆိုခြင်းမှာ မမှန်ကန်သောစွပ်စွဲမှုဖြစ်သောကြောင့် လက်မခံနိုင်သဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့က ကန့်ကွက်ခဲ့ပြီး ကျန်သုံးနိုင်ငံက ကြားနေခဲ့ခြင်းဖြစ်ပါသည်။ ၁၉၇၂ ခုနှစ်မှ ယနေ့အထိ မကြုံခဲ့ဖူးသော Double Veto သုံးစွဲခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းနေသည့် ပကတိအခြေအနေအား သိရှိနားလည်မှု၊ စာနာမှုအပြည့်အဝဖြင့် ထောက်ခံအားပေးမှုများပြုလုပ်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား မိမိတို့အဖွဲ့က လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။
၄။ ပြည်ထောင်စုမြန်မာနိုင်ငံသည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးမူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံတွင်း တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် နယ်စပ်ဒေသအပါအဝင် ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပါသည်။ မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို နည်းမျိုးစုံဖြင့် ဟန့်တားနှောင့်ယှက်ဖျက်ဆီးနေကြသော အမေရိကန်နှင့် ဗြိတိန်အပါအဝင် ၎င်းတို့၏ မဟာမိတ်အပေါင်းအပါနိုင်ငံများအား ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါသည်။
၅။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စသည် မြန်မာတိုင်းရင်းသားအချင်းချင်း ညှိနှိုင်းဖြေရှင်းကြမှသာ အောင်မြင်မှုရရှိနိုင်၍ ပြည်ပမှအင်အားသုံး ဖိအားပေးစွက်ဖက်မှုများကို လုံးဝ(လုံးဝ)လက်မခံကြောင်းနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်ပါဝင် ဆောင်ရွက်ပြီး အမျိုးသားညီလာခံတွင် ဆွေးနွေးဖြေရှင်းခြင်းသည်သာ စစ်မှန်သော အမျိုးသားသင့်မြတ်ရေးအဖြစ် ကျွန်ုပ်တို့အဖွဲ့အစည်းအနေဖြင့် အခိုင်အမာယုံကြည်ကြောင်း ကြေညာအပ်ပါသည်။

နိုင်စိုက်ချမ်း
ဥက္ကဋ္ဌ
မွန်ပြည်သစ်ပါတီ(ခွဲထွက်)အဖွဲ့

ခေါင်းလျှော်ရည်နှင့် ဝက်ခြံပျောက်ကင်းသည့်ပစ္စည်းများမိတ်ဆက်

ရန်ကုန် ဇန်နဝါရီ ၂၀

U Ah Si Family Co., Ltd. က တင်သွင်းသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်သော ဆံပင်ပြန်လည်ရှင်သန်ပေါက်မြောက်စေသည့် 101 Hair Tonic၊ 101 ဆံပင်သန်၊ ဆံပင်ပျော့၊ ဘောက်ပျောက်၊ အဆီဖယ်နှင့် ဆံပင်ကျွတ် သက်သာစေသော ခေါင်းလျှော်ရည်နှင့် ဝက်ခြံများကို ၁၈ရက်အတွင်း လုံးဝပျောက်ကင်းစေသည့် 101-E ပစ္စည်းများ မိတ်ဆက်ပွဲကို ယနေ့နံနက်၁၀နာရီက အလံပြဘုရားလမ်းရှိ Park Royal Hotel Grand Ballroom ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ U Ah Si Family Co., Ltd. General Manager ဦးကျော်ကျော်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆံပင်ပေါက်ဆေးနည်းပညာရှင် Miss Chen Yan က ပစ္စည်းသုံးမျိုးနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်း ပြောကြားသည်။

101 ဆံပင်ဆိုင်ရာ ပစ္စည်းများသည် အကြောင်းအမျိုးမျိုးကြောင့် ဆံပင်ကျွတ်သူများနှင့် အဆုပ်လိုက် တစ်ခေါင်းလုံး ဆံပင်မကျန်သည်အထိ ကျွတ်သူများအတွက် ခြောက်လမှ ကိုးလအတွင်း နဂိုမူလအတိုင်း ဆံပင်ပြန်လည်ရှင်သန်စေသည်။

အောင်မြင်နေ

101 Hair Tonic သည် ဆံပင်ကျွတ်သူများအတွက် အထူးစီမံဖော်စပ်ထားပြီး နိုင်ငံတကာ ရွှေတံဆိပ်ဆုမြောက်မြားစွာရရှိခဲ့သော ဆံပင်ပေါက်ရောက်သန်မြန်စေသော ဆေးဖြစ်သည်။ ယင်းဆေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရေပြားရောဂါ ပါရဂူဘွဲ့ရ ဆံပင်ပေါက်ဆေး ရှာဖွေတွေ့ရှိသူ မစ္စတာကျောက်ကျန်ကွမ်း ကိုယ်တိုင် တီထွင်ဖော်စပ်ထားပြီး နိုင်ငံပေါင်း တစ်ရာကျော်တွင် နှစ်ပေါင်းသုံးဆယ်ခန့်မှ ယနေ့တိုင် အောင်မြင်နေသည်။

101 ခေါင်းလျှော်ရည်သည် ဆံပင်ပျော့ပျောင်းစေခြင်း၊ ဘောက်ပျောက်ကင်းစင်ခြင်း၊ ဆံပင်ကျွတ်ခြင်းမှ ကာကွယ်စေခြင်း အကျိုးအာနိသင်များရှိပြီး 101 ခေါင်းလျှော်ရည်ကို သုံးစွဲခြင်းဖြင့် ဆံပင်အမွေးအိတ်များ ရှင်သန်နိုးကြားစေခြင်း၊ ဆံချည်မျှင်သွေးကြောငယ်များကို ပုံမှန်လည်ပတ်စေ၍ ဆံပင်အဖျားနှစ်ခွဖြစ်ခြင်း၊ ဆံပင်ကျွတ်ခြင်းများကို ကာကွယ်ပေးသည်။

ရွှေတံဆိပ်ဆွတ်ခူး

101-E မျက်နှာလိမ်းဆေးသည် အဖုအပိမ့်၊ ဝက်ခြံများပျောက်ကင်းစေသည့် လိမ်းဆေးဖြစ်ပြီး နယူးယောက်မြို့၌ကျင်းပခဲ့သည့် ကမ္ဘာ့အလှကုန်ပစ္စည်း တီထွင်မှုပြပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည့် ကုန်ပစ္စည်းဖြစ်သည်။

101-E လိမ်းဆေးသည် မျက်နှာပေါ်တွင် ဖြစ်ပေါ်စေသော ဝက်ခြံအပြင် ရင်ဘတ်၊ ကျော၊ ခန္ဓာကိုယ်ပေါ်တွင် အဖုအပိမ့်၊ အနာများရှိပါက လိမ်းပေးခြင်းအားဖြင့် အနာရောင်ခြင်းများကို ကာကွယ်ပေးသည့်အပြင် အနာဖြစ်သည့် နေရာများတွင် အမာရွတ်များ လုံးဝမကျန်ရစ်သည်အထိ အသားအရေကို ပင်ကိုမူလအတိုင်း ချောမွေ့စေသည်။

ပစ္စည်းများကို အစွမ်းထက်မြက်သော တိုင်းရင်းသစ်မြစ်၊ သစ်ဖု၊ ဆေးပင်များနှင့် အထူးဖော်စပ်ထားကြောင်းသိရှိရသည်။

ပြသမိတ်ဆက်

ထို့နောက် မန်နေဂျာဦးဆွေအောင်ခိုင်က 101 Hair Tonic မသုံးမီ ရိုက်ကူးထားသောဓာတ်ပုံများနှင့် သုံးစွဲပြီး သုံးလ၊ ခြောက်လအတွင်း ဆံပင်များပြန်လည်ရှင်သန်ပေါက်လာသူများနှင့် မျက်နှာဝက်ခြံ၊ အဖုအပိမ့် လက်တွေ့ပျောက်ကင်းသူများကို လူကိုယ်တိုင် ပြသမိတ်ဆက်ပေးသည်။ **(ဝဲပုံ)**

အထက်ပါ ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက အမှတ် ၁၁၅ မြေညီထပ် လမ်း ၂၀ လသာမြို့နယ် ဖုန်း-၀၁-၂၅၁၂၃၀၊ အမှတ်၁၅ သပြေညိုလမ်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၇၀၈၃၁၇၊ အမှတ် ၅၅ ကျောက်မြောင်းဈေးလမ်း တာမွေမြို့နယ် ဖုန်း-၀၁-၅၅၄၃၉၁နှင့် မန္တလေးဆိုင်ခွဲ ၃၅ လမ်း၊ ၆၉လမ်းနှင့် ၇၂လမ်းကြား ဖုန်း-၀၉-၅၁၁၃၉၄၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေး ခရီးလည်ပတ်ရန် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီး H.E Mr. Shri Pranab Mukherjee ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E Mr. Shri Pranab Mukherjee ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E Mr. Shri Pranab Mukherjee ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Bhaskar Kumar Mitra တို့ တက်ရောက်ကြသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းက အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီး H.E Mr. Shri Pranab Mukherjee ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့အား ရွှင်ရယ်ကုမုဒြာ ဟိုတယ်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

စီမံ/စီးပွားဝန်ကြီး ဦးစိုးသာအား အိန္ဒိယပြည်ပရေးရာဝန်ကြီးတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၀

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E Mr. Shri Pranab Mukherjee နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် ဌာနဆိုင်ရာ အကြီးအကဲ များ တက်ရောက်ကြပြီး ဧည့်သည်တော်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Bhaskar Kumar Mitra လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အား အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၀

သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အား ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီး H.E Mr. Shri Pranab Mukherjee နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဌာနဆိုင်ရာ အကြီး အကဲများ တက်ရောက်ကြပြီး ဧည့်သည်တော်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Bhaskar Kumar Mitra လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ဓမ္မဒူတတောရရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၀

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတ တောရရိပ်သာ၌ နာယကဆရာတော် ဓမ္မဒူတဒေါက်တာအရှင်ပညိဿရသည် ဖေဖော်ဝါရီ ၁ရက်မှ ၇ရက်အထိ ဓမ္မာ နုပဿနာ သတိပဋ္ဌာန် ဝိပဿနာ အလုပ်ပေးတရားတော်များကို ဟော ကြားပြသမည်ဖြစ်ရာ ရိပ်သာဝင်လို သော ယောဂီများသည် ဇန်နဝါရီ ၃၁ ရက် ညနေအရောက် လာကြရန်နှင့် ကြိုတင်၍ စာရင်းပေးသွင်းလိုပါက ရိပ်သာ ဖုန်း- ၀၉-၅၃၀၂၀၉၂၊ ၀၉-၅၁၀၄၆၆၉၊ ကိုကျော်နိုင်(ပဲခူး)၀၉-၅၃၀၁၅၃၇၊ ကိုကျော်ဆန်း(ရန်ကုန်) ၀၉-၅၀၁၇၂၉၄ တို့သို့ စာရင်းပေးသွင်း နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဆရာတော် ဦးရေဝတ (ဝါးခယ်မ) တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင် လိပ်ပြာကန်တိုက် ကြာနီကန်တိုက်ကျောင်း၏ ဦးစီးပဓာန နာယက (နိုင်ငံကျော် ဓမ္မကထိက ကြာနီကန်ဆရာတော်၏ တပည့်ရင်း) ဖြစ်သော နိုင်ငံကျော် နယ်လှည့် သာသနာပြု ဓမ္မကထိက ဦးရေဝတ (ဝါးခယ်မ) ဆရာတော်သည် ဇန်နဝါရီ ၂၁ရက်တွင် တောင်ဒဂုံ(၁၈) ကျွန်းရွှေ မြိုင်လမ်း၊ ၂၂ ရက်နှင့် ၂၃ ရက်တွင် ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်၊ ၂၄ရက် နှင့် ၂၅ ရက်တွင် ပဲခူးမြို့ နန်းတော်ရာ (နိဗ္ဗာန်) ဆွမ်းလောင်းအသင်း၊ ၂၆ရက် နှင့် ၂၇ရက်တွင် လှိုင်မြို့နယ် လှိုင်ရတနာ ပရိယတ္တိစာသင်တိုက်၊ ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်များတွင် ပြွန်တန် ဆာမြို့နယ် သံတံတားကျေးရွာ၊ ၃၁ ရက်တွင် ဒေါသန်းသန်းလွင်(ဒလ) ရှင်ဥပဂုတ္တပူဇော်ပွဲ တရားမဏ္ဍပ်များ တွင် နိဗ္ဗာန်ရောက်ကြောင်း တရား တော်များ ဟောကြားမည်ဟု သိရ သည်။

(က-ပ)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးဒီဂရီကောလိပ်၏ ပုလဲရတုအကြို မွေးနေ့ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

လားရှိုးဒီဂရီကောလိပ်၏ (၂၉)နှစ်မြောက် (ပုလဲရတုအကြို)မွေးနေ့ပွဲကို ဇန်နဝါရီ၁၉ ရက်က ရန်အောင်မြင်ကျောင်းတိုက်ရှိ သံဃာတော်အား ဆွမ်းပဒေ သာပင် လှူဒါန်းခြင်း၊ ဈေးရောင်းပွဲတော်၊ စင်တင်တေးဂီတဖျော်ဖြေကြသည်။

ပုလဲရတုအကြိုလှယဉ်ကျေးမယ်ပြိုင်ပွဲတွင်ပထမဆုကို နန်းသီတာလင်း (တတိယနှစ်၊ ဓာတုဗေဒ)၊ ဒုတိယဆုကို နန်းဖြူဖြူကို(ပထမနှစ်၊ရူပဗေဒ)၊ တတိယဆုကို နန်းရွှေကြာ(ဒုတိယနှစ်၊သချာ်)၊ စတုတ္ထဆုကို မနီလာဝင်းရွှေ (တတိယနှစ်၊ ရက္ခဗေဒ)၊ ပဉ္စမဆုကို နန်းခင်ကြည်ဦး (ဒုတိယနှစ်၊သတ္တဗေဒ) တို့က ဆွတ်ခူးရရှိကြသည်။

ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲအဖြစ် လားရှိုးဒီဂရီကောလိပ် ဆရာ/ဝန်ထမ်း အသင်း၊ လားရှိုးဒီဂရီကောလိပ် ကျောင်းသားဟောင်းအသင်းနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ (Old Star F.C)ဘောလုံးအသင်းတို့ ဇန်နဝါရီ၁၅ ရက်က ယှဉ်ပြိုင်ခဲ့ရာ ဆရာ/ဝန်ထမ်းဘောလုံးအသင်းနှင့် ကျောင်းသားဟောင်း များ ဘောလုံးအသင်းတို့ ပူးတွဲဗိုလ်စွဲသွားခဲ့ကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာတောင်ညွန့်မြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း အမှတ်(၁)၏ ပညာရေးစုံညီပွဲတော်နှင့် ဆုနှင်းသဘင်ပွဲကိုဇန်နဝါရီ၆ရက်က ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ် အဆင့် စာပေဘာသာရပ် အားလုံး ပထမဆု၊ ကျောင်းလုပ်ငန်းနှင့် ဘက်စုံ ထူးချွန်ပထမဆုရ အဋ္ဌမတန်းကျောင်း သူ မကြည်ဖြူဇင်အား ကျောင်းအုပ် ဆရာကြီး ဦးအေးကျော်က ဘက်စုံ ထူးချွန်ဆုပေးအပ်စဉ်။ (၂၅၉)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း အကြံပြုဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် အကြံပြုဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

ကြိုးပမ်းဆောင်ရွက်ခဲ့ကြသကဲ့သို့ ဒေသခံတိုင်းရင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုများ အပြည့်အဝ ရရှိခဲ့သဖြင့် မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်မှုရခဲ့ခြင်းဖြစ်ကြောင်း။

ယခုနှစ်သည် စတုတ္ထငါးနှစ်စီမံကိန်းကာလ၏ ပထမနှစ်ဖြစ်ကြောင်း၊ နတလစီမံကိန်းစတင်သည့် ၁၉၈၉ခုနှစ်ကနေ ယခုအထိ နိုင်ငံတော်က နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ကျပ်သန်းပေါင်း ၉၇၆၉၉ကျော် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆောင်ရွက်ပေးခဲ့သော လုပ်ငန်းများကို ပြန်ကြည့်လျှင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ နယ်စပ်ဒေသနှင့် တိုင်း ရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၀၆)တွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“နယ်စပ်ဒေသလမ်းများ တိုးတက်ကောင်းမွန်အောင် လမ်းမပေါက်သေးသော ဒေသများကိုလည်း လမ်းပေါက်အောင် အစီအမံများအတိုင်း ဆက်လက်ဆောင်ရွက်သွားကြရန်”** လမ်းညွှန်ထားခဲ့ကြောင်း၊ ထို့ကြောင့် အဓိကကျသောလမ်းကြီးများ ကတ္တရာလမ်းအဆင့်မြှင့်ရန်၊ တံတားများပိုမိုခိုင်ခံ့ရန် ဆောင်ရွက်နေသကဲ့သို့ ထပ်မံလိုအပ်သည့်နေရာများတွင် လမ်းများတိုးချဲ့ဖောက်လုပ်ပေးနေကြောင်း။

ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်ကတည်ဆောက်ပေးထားသည့် အခြေခံ အဆောက်အအုံများနှင့် ဒေသ၌ရှိသော သယံဇာတများကိုအသုံးပြုပြီး လူနေမှုအဆင့်အတန်း မြင့်မားအောင်ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ လူ့စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းစဉ်ကိုလည်း ဦးစားပေးဆောင်ရွက်ပေးနေကြောင်း၊ အခြေခံကျသည့် ပညာရေးကဏ္ဍတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့်ပညာရေးဝန်ကြီးဌာနတို့မှ မူလတန်းကျောင်း ၈၅၂ကျောင်း၊ အလယ်တန်းကျောင်း ၉၀နှင့် အထက်တန်းကျောင်း၉၂ကျောင်း ဆောက်လုပ်ပေးထားသည့်အပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများက ကျောင်းအဆောက်အအုံများ၊ ကျောင်းသုံးစာအုပ်များကိုလည်း ထောက်ပံ့ပေးခဲ့ကြောင်း။

ပိုမိုသိမြင်

ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့်တောင်သူများ၏ သားသမီးကျောင်းသားများကိုလည်း ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာဖွံ့ဖြိုးမှုအစီအစဉ်နှင့် ပူးပေါင်းပြီး Food for Education အစီအစဉ်ဖြင့် ဆန်ထောက်ပံ့ပေးခဲ့ကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေသကျောင်းဝင်နှုန်း၊ ကျောင်းတက်နှုန်းမြင့်မားလာသည်ကို တွေ့ရကြောင်း၊ ယခင်က ကျောင်းသား တစ်ထောင်ကျော်သာရှိခဲ့သည့် နယ်စပ်ဒေသများတွင် ပြီးခဲ့သည့် စာသင်နှစ်က ကျောင်းသား ၁၈၀၀၀၀ကျော်ရှိလာခြင်းသည် အားရဖွယ်ရာဖြစ်ကြောင်း၊ နယ်စပ်ဒေသလူငယ်များ ပညာပိုမိုတတ်မြောက်လာခြင်းကြောင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရောင်ခြည်များ ပေါ်ထွန်းလာသကဲ့သို့ ကိုလိုနီအမွေဆိုးဖြစ်သော ဘိန်းစိုက်ပျိုးမှုဆိုးကျိုးများ ပိုမိုသိမြင်လာပြီး ဘိန်းပပျောက်ရေးကို နယ်စပ်ဒေသနေ လူထုများ ပူးပေါင်းဆောင်ရွက်လာသည်ကို မြင်သာထင်သာသည့် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း။

နယ်စပ်ဒေသနေတိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးငယ်များ လူ့စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွင် ပညာရေးဝန်ကြီးဌာန၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်နေသည့်အပြင် နယ်စပ်/စည်ပင်ဝန်ကြီးဌာနတွင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနတစ်ခု သီးခြားဖွင့်လှစ်ပြီး ဆောင်ရွက်ပေးနေကြောင်း၊ နယ်စပ်ဒေသက ဆင်းရဲချို့တဲ့ပြီး ပညာသင်နိုင်ရန် အခွင့်အလမ်းနည်းပါးနေသူ နယ်စပ်ဒေသက တိုင်းရင်းသားလူငယ်များ စရိတ်ငြိမ်းပညာသင်ယူနိုင်ရန်အတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၂၇ကျောင်းကို နယ်စပ်တစ်လျှောက်၌ ဖွင့်လှစ်ပညာသင်ကြားပေးလျက်ရှိကြောင်း၊ အခြေခံပညာအပြင် အဆင့်မြင့်ပညာဆည်းပူးနိုင်ရန်အတွက် ၂၀၀၀ပြည့်နှစ်ကစတင်ပြီး ရန်ကုန်နှင့် မန္တလေးမြို့များ၌ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခု ဖွင့်လှစ်ပေးထားပြီး လေ့ကျင့်သင်ကြားပေးနေကြောင်း၊ ယခုဆိုလျှင် အဆိုပါ ဒီဂရီကောလိပ်နှစ်ခုက ဘွဲ့ရတိုင်းရင်းသားလူငယ်၅၇၄ဦးတို့မှာ ၎င်းတို့ ဇာတိဒေသ၏ ဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများတွင် နိုင်ငံတော်ဝန်ထမ်းများအဖြစ် ပါဝင်ဆောင်ရွက်နေကြသကဲ့သို့ အချို့ကျောင်းသားများသည်လည်း မဟာတန်းကို ဆက်လက် ဆည်းပူးနေကြပြီ ဖြစ်ကြောင်း၊ ယခု ပညာသင်နှစ်တွင်လည်း ကျောင်းသား ၇၀၈ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း။

ဦးစားပေးဆည်းပူး

ထို့အပြင် ၎င်းတို့၏ ဒေသကျန်းမာရေး၊ ပညာရေးကဏ္ဍများ၌ ပါဝင်တာဝန်ထမ်းဆောင်မည့် နယ်စပ်ဒေသတိုင်းရင်းသားတိုင်းရင်းသူလူငယ်များကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်နှင့် သူနာပြုသင်တန်းကျောင်းများတွင် ဦးစားပေးပညာဆည်းပူးခွင့်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နယ်စပ်ဒေသနေ တိုင်းရင်းသား တိုင်းရင်းသူ လူငယ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေပညာသင်ကြားမှုအပြင် သက်မွေးပညာဆည်းပူး၊ ဘဝရပ်တည်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းရင်းသူအမျိုးသမီးငယ်များအတွက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်ကျောင်း ၃၄ကျောင်း ဖွင့်လှစ်ထားရှိပြီး သင်တန်းသူများကိုစရိတ်ငြိမ်း သင်ကြားလေ့ကျင့်ပေးလျက်ရှိရာတွင် ယနေ့အထိ နယ်စပ်ဒေသတစ်လျှောက် သင်တန်းသူ ၂၀၈၄၄ဦး လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီး တိုင်းရင်းသားလူငယ်များအတွက် လက်သမား၊ ပန်းရန်၊ စက်ပြင်၊ လျှပ်စစ်ဂဟေဆက်၊ မော်တော်ယာဉ်စက်ပြင် စသည့်သက်မွေးပညာရပ်များ သင်ကြားပေးမည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများကိုလည်း စစ်တွေ၊ လောက်ကိုင်၊ ပန်ဆန်းနှင့် မိုင်းလားဒေသများ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ကျန်းမာရေးလုပ်ငန်း

ကျန်းမာရေးလုပ်ငန်းနှင့်ပတ်သက်၍ အမျိုးသားကျန်းမာရေးကော်မတီက “ကျန်းမာရေးလုပ်ငန်းများကိုတိုးချဲ့ဆောင်ရွက်ရာမှာ ကျေးလက်ဒေသတွေသာမက နယ်စပ်ဒေသများကိုပါ ဦးစားပေးဆောင်ရွက်ရန်”ဆိုသော အမျိုးသားကျန်းမာရေးမူဝါဒတစ်ရပ်ကိုချမှတ်ပြီး နယ်စပ်ဒေသများတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသများ၌ ၁၉၈၈ခုနှစ်က ဆေးရုံရှစ်ရုံ၊ ဆေးပေးခန်းခြောက်ခန်းသာ ဖွင့်လှစ်နိုင်ခဲ့ရာမှ ယခုဆိုလျှင် ဆေးရုံ၇၉ရုံ၊ ဆေးပေးခန်း၁၀၅ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၅၈ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၄၀တို့ကို တည်ဆောက် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည့်အပြင် ဖွံ့ဖြိုးရေးအထူးဒေသတိုင်း၌လည်း ခုတင်၂၀၀ဆံ့ အထူးကုဆေးရုံများကို တည်ဆောက်ဖွင့်လှစ်ပေးနေပြီဖြစ်ခြင်းကြောင့် နယ်စပ်ဒေသကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသများ၌ ဆင်းရဲနွမ်းပါးနေသော တိုင်းရင်းသားများအတွက် ဒေသတွင်းဖြစ်ထွန်းနိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီခြင်းဖြင့် စားရေးဖူလုံမှုရှိအောင် ပထမဦးစားပေး ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပိုလျှံသည့်စိုက်ပျိုးရေးထုတ်ကုန်များကိုလည်း ရောင်းဝယ်ဖောက်ကားနိုင်အောင် ဈေးကွက်များစီစဉ်ပေးခြင်းဖြင့် ဝတ်ရေးဖူလုံအောင်လည်း ကူညီပံ့ပိုးပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ စားရေးနှင့်ဝတ်ရေးဖူလုံစေပြီး ထိုမှတစ်ဆင့် နေရေးဖူလုံအောင် တည်ဆောက်လာနိုင်မည်ဖြစ်ကြောင်း၊ ဤကဲ့သို့ စားဝတ်နေရေးဖူလုံစေရန်အတွက် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မွေးမြူရေးလုပ်ငန်းများနှင့်လည်း ဆက်စပ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

ကုန်းမြင့်လယ်ယာ

နိုင်ငံတော်က စိုက်ပျိုးရေးအခြေခံ စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်အောင် နယ်စပ်ဒေသအသီးသီး၌ စိုက်ပျိုးရေးရုံး၊ စိုက်ပျိုးရေးစခန်းများနှင့် ထွန်စက်စခန်းများ ဖွင့်လှစ်ပေးခဲ့ပြီး အသေးစားဆည်နှင့် တူးမြောင်းများဖော်ထုတ်ဆောင်ရွက်ပေးနေသကဲ့သို့ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းစေသည့် ရွှေ့ပြောင်းတောင်ယာစနစ်ကို ထိန်းသိမ်းရန်အတွက် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ပေးလျက်ရှိကြောင်း။

ဤကဲ့သို့ ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အထွက်တိုးသီးနှံများ တိုးချဲ့စိုက်ပျိုးမှုပြုလုပ်နိုင်ကြသကဲ့သို့ အပိုဝင်ငွေအတွက် ရော်ဘာ၊ လိမ္မော်၊ လိုက်ချီး၊ နှင်းသီး၊ လက်ဖက်စသည့် နှစ်ရှည်စိုက်ခင်းကြီးများလည်း အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း၊ ဤအခြေခံကောင်းများအပေါ် အားထားပြီး ဘိန်းစိုက်ပျိုးမှုကို ဒေသခံတိုင်းရင်းသားအများစုက စွန့်လွှတ်နေကြပြီဖြစ်သဖြင့် ကြီးမားသောအောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း။

ဤကဲ့သို့ အစားထိုးသီးနှံစိုက်ခင်းများ၊ ဘိန်းအစားထိုး နှစ်ရှည်သီးနှံစိုက်ခင်းများ တိုးချဲ့နိုင်ရန်နှင့် ထွက်ရှိလာသည့် သီးနှံပစ္စည်းများကို ပြည်တွင်းပြည်ပဈေးကွက် တင်ပို့နိုင်ရေး၊ ဈေးကောင်းရရှိရေး ဆက်လက်ကူညီဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း။

အထောက်အကူပြု

ပြည်သူ့ဆက်ဆံရေးလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတော်က နယ်စပ်ဒေသအသီးသီးတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံပေါင်း ၁၁၁ရုံ တည်ဆောက်ထုတ်လွှင့်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်နေမှုများဖြင့် နိုင်ငံတော်၏မူဝါဒလမ်းညွှန်ချက်များကို နယ်စပ်ဒေသတိုင်းရင်းသားသွေးချင်းများ သိရှိနားလည်စေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းရေးအတွက် များစွာအထောက်အကူပြုနေပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်က အစွန်အဖျားနယ်စပ်ဒေသများအထိ တတ်နိုင်သမျှ ပြည်တွင်းမီဒီယာဖြန့်ကြက်ပေးရေးနှင့် သတင်းစာမရောက်နိုင်သေးသော အချို့ဒေသများ၌ မြန်မာ့ရုပ်သံနှင့်မြဝတီရုပ်သံ နှစ်ရပ်စလုံးဖမ်းယူ ရရှိစေရေး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ အဆိုပါ ထပ်ဆင့်လွှင့်စက်ရုံများ အချိန်မှန်မှန် ထုတ်လွှင့်နိုင်ရေးနှင့် နယ်စပ်ဒေသပြည်သူများ ဖမ်းယူကြည့်ရှုရန် အပိုင်းကို ဌာနဆိုင်ရာနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများက အလေးထားဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်

မူးယစ်ဆေးဝါးပပျောက်ရေးနှင့်ပတ်သက်၍ နယ်စပ်ဒေသများ၌ ကိုလိုနီလက်ထက်ကတည်းက နှစ်ပေါင်း၁၅၀ကျော် အမြစ်တွယ်လာခဲ့သည့် မူးယစ်ဆေးဝါးစိုက်ပျိုးမှုများ ချုပ်ငြိမ်းအောင် နိုင်ငံတော်က ၁၅နှစ်စီမံကိန်းရေးဆွဲချမှတ်ကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး ကိုယ်ပိုင်စွမ်းအား၊ ကိုယ်ပိုင်အရင်းအမြစ်များဖြင့် အကောင်အထည်ဖော်လျက် ရှိကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းရေးဆွဲရာတွင် ဒေသခံပြည်သူများ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့်အခါ အခြားနည်းလမ်းဖြင့် ဝင်ငွေရနိုင်ရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စတင်ပြီး ၁၀ နှစ်ကြာမှ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဆိုလျှင် ခုနစ်နှစ်တာကာလကို ရောက်ရှိလာပြီဖြစ်ကြောင်း၊ ဤအချိန်တွင် နယ်စပ်ဒေသက တိုင်းရင်းသားများ ပူးပေါင်းပါဝင်မှုကြောင့် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် တဖြည်းဖြည်းလျော့နည်းကျဆင်းလာနေပြီဖြစ်ကြောင်း၊ ဤကဲ့သို့ လျော့နည်းကျဆင်းလာခြင်းကိုလည်း နိုင်ငံတကာက လက်ခံအသိအမှတ်ပြုထားပြီး ဖြစ်ကြောင်း။

တိုင်းရင်းသားပြည်သူများ၏ အောင်မြင်မှု

ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အထွက်တိုးသီးနှံများတိုးချဲ့ စိုက်ပျိုးမှုပြုလုပ်နိုင်ကြသကဲ့သို့ အပိုဝင်ငွေအတွက် ရော်ဘာ၊ လိမ္မော်၊ လိုက်ချီး၊ နှင်းသီး၊ လက်ဖက်စသည့် နှစ်ရှည်စိုက်ခင်းကြီးများလည်း အကောင်အထည်ဖော်နေပြီဖြစ်၊ ဤအခြေခံကောင်းများအပေါ် အားထားပြီး ဘိန်းစိုက်ပျိုးမှုကို ဒေသခံတိုင်းရင်းသားအများစုက စွန့်လွှတ်နေကြပြီဖြစ်သဖြင့် ကြီးမားသော အောင်မြင်မှုဖြစ်။

မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းအနေဖြင့် အာဆီယံမျှော်မှန်းချက်ထက်တစ်နှစ်စောပြီး ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံး မူးယစ်ဆေးဝါးကင်းစင်ရေးရည်မှန်းဆောင်ရွက်လျက်ရှိ

နည်းဗျူဟာ(၃)ရပ်

မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ် စီမံကိန်းအနေဖြင့် အာဆီယံမျှော်မှန်းချက်ထက်တစ်နှစ်စောပြီး ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံး မူးယစ်ဆေးဝါးကင်းစင်ရေးရည်မှန်းချက်ထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဤရည်မှန်းချက်အတိုင်း အောင်မြင်စေရေးအတွက် ထုတ်လုပ်မှုပပျောက်ရေး၊ ကာကွယ်တားဆီးနှိမ်နင်းရေးနှင့် သုံးစွဲမှုပပျောက်ရေးဆိုသည့် နည်းဗျူဟာ(၃)ရပ်ကို ဟန်ချက်ညီညီဖြင့် အကောင်အထည်ဖော်လျက်ရှိရာတွင် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများနှင့် လုပ်ငန်းဆပ်ကော်မတီအသီးသီးတို့က ညှိနှိုင်းပေါင်းစပ်ပြီး အရှိန်အဟုန်တိုးမြှင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားကြရန်ဖြစ်ကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကပါ နိုင်ငံတော်နှင့်ပူးပေါင်းဆောင်ရွက် နေကြကြောင်း၊ မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့၏အကျိုးအတွက် မှန်ကန်သောလမ်းကြောင်း ရောက်ရှိအောင် ထိန်းကျောင်းဆောင်ရွက်သွားကြရေးနှင့် မှန်ကန်သည့် စေတနာဖြင့် ပူးပေါင်းကူညီသည့် အဖွဲ့အစည်းများကို ဒေသမှတာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

တိုးတက်ဖြစ်ထွန်း

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ရောက်ရှိစေရေးအတွက် အခြေခံကျသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ပထမဆုံးဦးစားပေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးစတင်ဆောင်ရွက်သည့် အချိန်ကပင် နယ်စပ်ဒေသ၌ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားဓလေ့ထုံးစံများ ထိန်းသိမ်းနိုင်ရန်၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစေရန်၊ ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်နှင့် နယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးအတွက် ရည်မှန်းချက်များ ခိုင်ခိုင်မာမာချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်မှု အပိုင်းတွင်လည်း နယ်မြေဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ချမှတ်ခဲ့သည့် ရည်မှန်းချက်များအတိုင်း အရှိန်အဟုန်ဖြင့်တိုးတက်ဖြစ်ထွန်းနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ဤနယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန် ရလာသည်အခါ ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံး တိုးတက် ဖွံ့ဖြိုးရေးအတွက် အထူးဒေသကြီး(၂၄)ခု စီမံကိန်းကို တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော်ခဲ့ပြီး ပြည်သူအများစု ပြန့်ကျဲနေထိုင်ကြသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကို ကွက်ပြည့် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"စီမံကိန်းများချမှတ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ၌ တိုးတက်အောင်မြင်မှုများ ရရှိလျက်ရှိရာ လူများစုကြီးနေထိုင်ရာ ကျေးလက်ဒေသအားလုံး နယ်စပ်ဒေသများပါ မကျန် ဖွံ့ဖြိုးမှသာ နိုင်ငံတော်ကြီး တစ်ရပ်လုံး ရာနှုန်းပြည့် ဖွံ့ဖြိုးတိုးတက်မှာဖြစ်၍ စီမံကိန်းများကို ထိရောက်အောင်မြင်အောင် ဖိဖိစီးစီးကြိုးကြိုးစားစားလုပ်ကိုင်ဆောင်ရွက်ကြရန်"** ပြီးခဲ့သည့် နတလဗဟိုကော်မတီအစည်းအဝေး(၁/၂၀၀၆)တွင် လမ်းညွှန်မှာကြားခဲ့ကြောင်း။

တက်ညီလက်ညီကြိုးပမ်း

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၉၈၉ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာတွင် မှန်ကန်သော မူဝါဒဆိုင်ရာလမ်းညွှန်မှု၊ နိုင်ငံတော်တာဝန်ရှိသူများ၊ အဖွဲ့အစည်းများနှင့် နယ်စပ်ဒေသနေတိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် မျှော်မှန်းသည်ထက် ပိုမိုအောင်မြင်မှုရရှိပြီး နယ်စပ်ဒေသများ၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင်တွေ့မြင်နေကြရပြီး ဖြစ်ကြောင်း၊ သာမန်ပြည်သူအားလုံး လူမှုစီးပွားရေး အခွင့်အလမ်းများပေါ်ထွန်းလာနေခြင်းကို ပီတိဖြစ်နေရုံဖြင့် မလုံလောက်သေးဘဲ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ်အခြေခံပြီး ဖွံ့ဖြိုးမှုနောက်ကျကျန်နေသေးသော နယ်စပ်ဒေသများ၌ တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် ပိုမိုဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းလာအောင် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများ၊ လုပ်ငန်းဆပ်ကော်မတီများက တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများကလည်း ဆောင်ရွက်ပြီးသည့် လုပ်ငန်းများအပေါ်၌ ပြန်လည်သုံးသပ်ပြီး ဦးစားပေးဆောင်ရွက်သင့်သည့်လုပ်ငန်းများကို လျာထားတင်ပြ ဆောင်ရွက်သွားကြရန်လိုအပ်သကဲ့သို့ လုပ်ငန်းဆပ်ကော်မတီများကလည်း စီမံကိန်းအကောင်အထည်ဖော်မှုအပိုင်းတွင် အားနည်းချက်များ မရှိရလေအောင် ဗဟိုအဆင့်က ကွင်းဆင်းကြပ်မတ် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသွားသည်။

ပေါင်းစပ်ဆောင်ရွက်

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က လုပ်ငန်းကော်မတီ၏ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ လမ်းညွှန်ချက်များကို နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနအနေဖြင့် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများ၊ သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းစတင်ဆောင်ရွက်သည့်မှ ယနေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအလိုက် သုံးစွဲခဲ့ပြီးသည့်ငွေမှာ–

- လမ်းတံတားလုပ်ငန်းအတွက် ငွေကျပ်၄၉၆၆ဒသမ၆၃၂သန်း၊
- ကျန်းမာရေးလုပ်ငန်းအတွက် ငွေကျပ်၁၇၄၁ဒသမ၅၅သန်း၊
- ပညာရေးလုပ်ငန်းအတွက် ငွေကျပ်၈၄၉၅ဒသမ၂၅သန်း၊
- စိုက်ပျိုးရေးလုပ်ငန်းအတွက် ငွေကျပ်၄၃၂၆ဒသမ၄၁သန်း၊
- သစ်တောလုပ်ငန်းအတွက် ငွေကျပ်၇၆ဒသမ၀၉သန်း၊
- မွေးမြူရေးလုပ်ငန်းအတွက် ငွေကျပ်၁၄၈၈ဒသမ၉၂သန်း၊
- ကုန်သွယ်ရေးလုပ်ငန်းအတွက် ငွေကျပ်၂၆၂ဒသမ၄၃သန်း၊
- စွမ်းအင်လုပ်ငန်းအတွက် ငွေကျပ်၁၇၆၄ဒသမ၁၇သန်း၊
- ပြည်သူ့ဆက်ဆံရေးလုပ်ငန်းအတွက် ငွေကျပ်၁၄၆၀ဒသမ၀၇သန်း၊
- သတ္တုရှာဖွေတူးဖော်ရေးလုပ်ငန်းအတွက် ငွေကျပ်၄၂၈ဒသမ၄၇သန်း၊
- ဆက်သွယ်ရေးလုပ်ငန်းအတွက် ငွေကျပ်၃၁၂၉ဒသမ၃၇သန်း၊
- အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းအတွက် ငွေကျပ်၁၉၄၉ဒသမ၀၄သန်း၊
- စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းအတွက် ငွေကျပ်၃၁၈ဒသမ၀၆သန်း၊
- သာသနာရေးဆိုင်ရာလုပ်ငန်းအတွက် ငွေကျပ်၅၀၆ဒသမ၃၂သန်း၊
- ပြည်ထဲရေးဆိုင်ရာလုပ်ငန်းအတွက် ငွေကျပ်၉၁၂ဒသမ၁၅သန်း၊
- လူမှုဝန်ထမ်းနှင့်သမဝါယမလုပ်ငန်းအတွက် ငွေကျပ်၂၆၅ဒသမ၁၆သန်း၊
- အထွေထွေလုပ်ငန်းများအတွက် ငွေကျပ်၂၀၉၁၂ဒသမ၈၉သန်း

စုစုပေါင်း ငွေကျပ်၉၇၆၉၉သန်းဖြစ်ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုး တိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုး တိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လူသားအရင်းအမြစ်

မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသအသီးသီး၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ပထမအဆင့်နယ်စပ်ဒေသနေ တိုင်းရင်းသားများ၏ ဒေသအစားအစာဖူလုံရန်၊ ထိုမှတစ်ဆင့် ဝတ်ရေးနေရေး အဆင်ပြေစေရန်အတွက် လူမှုစီးပွားရေးအခြေခံအဆောက်အအုံများ တည်ဆောက်ပေးရန်၊ ယင်းမှတစ်ဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု Sustainable Development ရှိစေရန်အတွက် လူသားအရင်းအမြစ် စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားပါကြောင်း။

ထို့ကြောင့် ယနေ့အထိ လူငယ်သင်တန်းကျောင်းပေါင်း ၂၇ကျောင်းဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုကျောင်းများထဲတွင် မူလတန်းကျောင်းသား ၃၂၈ဦး၊ အလယ်တန်းကျောင်းသား ၁၆၅၇ဦး၊ အထက်တန်းကျောင်းသား ၆၃၉ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၆၂၄ဦးကို ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်း။

တိုးချဲ့ဖွင့်လှစ်

နယ်စပ်ဒေသပညာရေးအနေဖြင့် နယ်စပ်ဒေသများတွင် ၁၇နှစ်တာကာလအတွင်း အထက်တန်းကျောင်း၉၂ကျောင်း၊ အလယ်တန်းကျောင်း၉၀နှင့် မူလတန်းကျောင်း ၈၅၂ကျောင်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့ခြင်းကြောင့် ယခုအခါ နယ်စပ်ဒေသတိုင်းရင်းသား ၁၈၅၅၂ဦး တက်ရောက်ပညာသင်ကြားနေပြီဖြစ်ပါကြောင်း။

အဆိုပါ ကျောင်းများက ပညာရည်မြင့်မားသည့် တိုင်းရင်းသားလူငယ်များကို တက္ကသိုလ်ပညာ ဆက်လက်သင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို ရန်ကုန်နှင့် မန္တလေးမြို့များ၌ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာတွင် ယနေ့အထိ တိုင်းရင်းသားလူငယ် ၅၇၄ဦးကို ဘွဲ့၊ ဒီဂရီရရှိအောင် ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးတွင် ခန့်အပ်တာဝန်ပေးပြီးဖြစ်ပါကြောင်း၊ လက်ရှိပညာသင်နှစ်တွင်လည်း ကျောင်းသား ၇၀၈ဦး ပညာဆည်းပူးလျက်ရှိပါကြောင်း၊ ထို့အပြင် ဘွဲ့နှင့် ဒီပလိုမာရရှိပြီးသူများအနက် ထူးချွန်ထက်မြက်သူများကို မဟာသိပ္ပံ၊ မဟာဝိဇ္ဇာအရည်အချင်းစစ်သင်တန်း၊ မဟာသိပ္ပံ၊ မဟာဝိဇ္ဇာဘွဲ့သင်တန်း၊ B.Tech သင်တန်း၊ B.E သင်တန်းနှင့် M.E သင်တန်းများ တက်ရောက်ရန် စီစဉ်ပေးခဲ့ပါကြောင်း၊ မန္တလေးဒီဂရီကောလိပ်၌ B.Tech သင်တန်း တက်ရောက်သူ ပထမနှစ်၂၈ဦး၊ ဒုတိယနှစ်၂၆ဦး၊ B.E ၁၉ဦးနှင့် M.E သုံးဦး၊ ရန်ကုန်ဒီဂရီကောလိပ်တွင် ဓာတုဗေဒ၊ ရူပဗေဒ၊ သမိုင်းနှင့် ပထဝီဝင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်သူ၃၆ဦး၊ ပထမနှစ် မဟာဝိဇ္ဇာသင်တန်းတက်ရောက်သူတစ်ဦး၊ ပထမနှစ် မဟာသိပ္ပံသင်တန်းတက်ရောက်သူ သုံးဦး၊ ဒုတိယနှစ် မဟာဝိဇ္ဇာသင်တန်းတက်ရောက်သူ ခြောက်ဦး၊ ဒုတိယနှစ် မဟာသိပ္ပံသင်တန်း တက်ရောက်သူ ၁၂ဦးရှိပါကြောင်း။

သင်ကြားလေ့ကျင့်

အလားတူ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွင် ပညာရေးသက်သက်သာမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်သည့် ပန်းရန်၊ လက်သမား၊ သံချည်သံကွေး၊ အဆောက်အအုံဆောက်လုပ်သည့် ပညာရပ်များနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ကျောင်းများဖွင့်လှစ်သင်ကြားပေးရန် ဗဟိုကော်မတီဥက္ကဋ္ဌက နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး (၂/၂၀၀၄)တွင် လမ်းညွှန်မှာကြားထားပါကြောင်း၊ ယင်းလမ်းညွှန်ချက်ကို အကောင်အထည်ဖော်ရန်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လောက်ကိုင်နှင့်ပန်ဆန်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မိုင်းလားတို့၌ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းများဖွင့်လှစ်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မိုင်းလားနယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းကို ၈-၇-၂၀၀၆ရက်တွင်လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ပန်ဆန်းနယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းကို ၄-၈-၂၀၀၆ရက်တွင်လည်းကောင်း၊ လောက်ကိုင်နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းကို ၇-၈-၂၀၀၆ရက်တွင်လည်းကောင်း ဖွင့်လှစ်ပြီး လူငယ်များကိုသင်ကြားလေ့ကျင့်ပေးလျက်ရှိပါကြောင်း။

အမျိုးသမီးအိမ်တွင်းမှုပညာသင်ကျောင်းများနှင့် ပတ်သက်၍ နယ်စပ်ဒေသအမျိုးသမီးငယ်များ တစ်ဖက်နိုင်ငံကို သွားရောက်အလုပ်လုပ်ကြသည့်အခါ အကျင့်စာရိတ္တပျက်ပြားမှု၊ လူမှုရေးအရ နစ်နာမှုမဖြစ်စေရန် အဓိကရည်ရွယ်ပြီး နယ်စပ်ဒေသအသီးသီးတွင် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ ဖွင့်လှစ်ပျိုးထောင်ပေးလျက်ရှိရာ ယခုဆိုလျှင် ၃၄ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့အထိ နယ်စပ်ဒေသအသီးသီးမှ အမျိုးသမီးငယ် ၂၀၈၄၄ဦးအား အိမ်တွင်းမှုပညာရပ်များ သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကပါ နိုင်ငံတော်နှင့်ပူးပေါင်း ဆောင်ရွက်နေကြ၊ မြန်မာနိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးအတွက် မှန်ကန်သောလမ်းကြောင်း ရောက်ရှိအောင် ထိန်းကျောင်းဆောင်ရွက်သွားကြရေးနှင့် မှန်ကန်သည့်စေတနာဖြင့် ပူးပေါင်းကူညီ၍ အဖွဲ့အစည်းများကို ဒေသမှ တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်။

အထူးပြုသင်ကြား

ယခင်က ချင်းပြည်နယ်အတွင်း ဟားခါးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းများ သင်တန်းကျောင်းတစ်ကျောင်းသာ ဖွင့်လှစ်ခဲ့ရာမှ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ဖလမ်း၊ တီးတိန်၊ မင်းတပ်နှင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် မတူပီ၊ ကန်ပက်လက် အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ အဆိုပါ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း ခြောက်ကျောင်း၌ အခြေခံအိမ်တွင်းမှုပညာရပ်များအပြင် သိုးမွေးစက်ဆွဲပညာရပ်ကို အထူးပြုဘာသာရပ်အနေဖြင့် သင်ကြားပေးလျက်ရှိပြီး မင်းတပ်၊ ဟားခါးနှင့် ဖလမ်းအမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းများတွင် ကနုကမာကျောက်စီပန်းချီပညာနှင့် အခြေခံရက်ကန်းပညာများကို သင်ကြားပေးလျက်ရှိပါကြောင်း။

ထို့အပြင်၂၀၀၄-၂၀၀၅ခုနှစ်အတွင်း ကချင်ပြည်နယ် ဗန်းမော်မြို့၌ အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်းတစ်ကျောင်းသာဖွင့်လှစ်ခဲ့ရာမှ ၂၀၀၅-၂၀၀၆ခုနှစ်အတွင်းတွင် ဒေသလိုအပ်ချက်အရကချင်ပြည်နယ် ပူတာအို၊ ဒေါ့ဖုန်းယန်၊ ဒွန်ဘန်၊ စစ်ကိုင်းတိုင်း နန်းယွန်း၊ လေရှီး၊ လဟယ်၊ ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးနှင့် မကွေးတိုင်း ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ၊ မွန်ပြည်နယ် မုဒုံမြို့များတွင် အမျိုးသမီး အိမ်တွင်းမှုသင်တန်းကျောင်းသစ် ၁၅ကျောင်းကို ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း စသည်ဖြင့်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒေသဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသော တိုင်းမှူးများက ဒေသအလိုက် ဖြည့်ဆည်းဆောင်ရွက်ရမည့်လုပ်ငန်းအခြေအနေများနှင့် အဆုံးအဖြတ်ရယူမည့်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများက လုပ်ငန်းဆပ်ကော်မတီအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်သည့် လုပ်ငန်းအခြေအနေများနှင့် အဆုံးအဖြတ်ရယူမည့်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက အဆုံးအဖြတ်ရယူရန်နှင့်မှတ်တမ်းတင်ရန်ကိစ္စရပ်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းတို့က နယ်စပ်ဒေသများနှင့် ထိုဒေသများရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများအနေဖြင့် နယ်စပ်ဒေသများသို့ ကွင်းဆင်းထိတွေ့ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးရေး၊ နိုင်ငံတကာအဖွဲ့အစည်းများက ဆောင်ရွက်နေသော ကူညီပံ့ပိုးမှုလုပ်ငန်းများ အဆင်ပြေချောမွေ့အောင် စီစဉ်ဆောင်ရွက်ပေးရေးတို့ ဆွေးနွေးမှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သောင်းကျန်းမှုဒဏ် မြန်မာပြည်သူများ ခါးစည်းခံခဲ့ရစဉ်က နှုတ်ဆိတ်နေသော အမေရိကန်တို့ ယခုမြန်မာနိုင်ငံ ငြိမ်းချမ်းပွံ့ဖြိုးလာချိန်ကျမှ အဘယ်ကြောင့် လုပ်ကြံစွပ်စွဲပုတ်ခတ်နေပါသနည်း

ဦးမျိုးမြင့် (ဥပဒေ)

စာရေးသူသည် ယခု အသက် ၇၅ နှစ်ပြည့်ကာ ၇၆ နှစ်အတွင်း ရှစ်လခန့်ဝင်လာပြီဖြစ်သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် (လွတ်လပ်ရေးရရှိသောနေ့)တွင် စာရေးသူအသက် ၁၆ နှစ် ခုနစ်လနှင့် သုံးရက်ရှိပြီဖြစ်သည်။ ၁၆ နှစ် ခုနစ်လနှင့် နှစ်ရက်သားအရွယ်အထိ စာရေးသူသည် အင်္ဂလိပ်ကျွန်ဘဝ၌ နေခဲ့ရသည်။ မိဘများကား ပြောစရာမလို၊ သူတို့သည် အသက် ၄၀ ဝန်းကျင်အထိ သူ့ကျွန်ဘဝ၌ နေထိုင်အမှုထမ်းခဲ့ရသည်။ အဘိုး၊ အဘွားတို့ကား ကျွန်သက်ပိုရှည်ခဲ့ကြသည်။ ထို့ကြောင့် စာရေးသူသည် ကိုယ်တိုင်နောက် တစ်ဖန်ကျွန်ဖြစ်မခံနိုင်။ မိမိသာလျှင်မဟုတ်၊ မိမိသားမြေးစဉ်ဆက် (မြန်မာနိုင်ငံသားမှန်သမျှ)လွတ်လပ်သော နိုင်ငံသားဘဝ (တို့ဗမာ အစည်းအရုံးခေတ် ဝေါဟာရအတိုင်း သုံးနှုန်းရလျှင်) သခင်ဘဝ၌သာ ထာဝရနေလိုသည်။

ကိုယ်ကြုံခဲ့သမျှ၊ ကိုယ်မီခဲ့သမျှ ကျွန်ဘဝအနိဋ္ဌာရုံများကိုပင် စက်ဆုပ်ရွံရှာခဲ့သည်။ ကိုလိုနီသူ့ကျွန်ဘဝနိုင်ငံအတွင်း အခြားဒေသမှ အနိဋ္ဌာရုံများ၊ ဖိနှိပ်ညှဉ်းပန်းမှုများ၊ သွေးစုပ်ခြယ်လှယ်ခံရမှုများကို နောင်ပိုသိလာရသည်။ ကိုယ်တွေ့သမားတို့ထံမှ ဖတ်ရှုရသော ကိုလိုနီခေတ်မှတ်တမ်းတင်စာအုပ်များထဲမှ သိလာရသောအခါ ပို၍စက်ဆုပ်ရသည်၊ နာကြည်းရသည်၊ ဒေါသဖြစ်ရသည်။ ထိုကျူးကျော်၊ အင်အားသုံး၊ တိုက်ခိုက်သိမ်းပိုက်၊ ကျွန်ပြုဖိနှိပ်ညှဉ်းပန်း၊ သွေးစုပ်ခြယ်လှယ်သော ကိုလိုနီပုံစံဟောင်းကို ယနေ့ကမ္ဘာက လက်မခံ၊ အဖွဲ့ဝင် နိုင်ငံအများစုနှင့် ကမ္ဘာသူ၊ ကမ္ဘာသားရောမများ ရာစုကြီး၏ ဆန္ဒအရ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ကိုလိုနီစနစ်ကို ဖျက်သိမ်းခဲ့သည်။

ယခင်က အရင်းရှင်နယ်ချဲ့နိုင်ငံတို့ အတ္တာလွန်၊ မသမာလောဘတို့ဖြင့် သူတစ်ပါးနိုင်ငံအတွင်းမှ သယံဇာတနေဥစ္စာများကို လုယက်သွေးစုပ်နိုင်ရန် နယ်ချဲ့ခဲ့သည်။ ကိုလိုနီလက်ဟောင်းပုံစံဖြင့် နယ်ချဲ့ခဲ့ခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ကိုယ့်ထက် ဝိသမလောဘလွန်၊ အတ္တအထူးလွန်သော ဖက်ဆစ်ဝင်ရိုးတန်းသုံးနိုင်ငံက ဘီလူးစီး၊ ပုဏ္ဏာကတိုက်သည်ထက်ဆိုးသော ရက်စက်ကြမ်းကြုတ်မှုများဖြင့် နယ်ချဲ့ခဲ့သည်။ နယ်ချဲ့လက်ဟောင်းကြီးများလက်မှ ကိုလိုနီနယ်များကို လုယူရုံမျှမက နယ်ချဲ့နိုင်ငံကြီးအချို့(ပြင်သစ်၊ ဒတ်ချ် စသည်)ပင် နာဇီဖက်ဆစ်တို့လက်အောက် ကျရောက်ကျွန်ဖြစ်ခဲ့ရသည်။

ဒုတိယကမ္ဘာစစ်ပြီးသည့်နောက် စစ်ဒဏ်ခံဥရောပနယ်ချဲ့များကို အမေရိကန်က မာရှယ်စီမံကိန်း ချမှတ်ကာ အကူအညီပေးပြီး ပြန်လည်ထူထောင်နိုင်ရန် အားပေးခဲ့သည်။ တစ်နည်းအားဖြင့် ဥရောပအရှေ့ခြမ်းမှ (ပိုလန်၊ ဟန်ဂေရီ၊ ဂျီဒီအာရ်ခေါ် ဂျာမန် ဒီမိုကရက်တစ်သမ္မတနိုင်ငံဟူ၍ဖြစ်လာသော အရှေ့ဂျာမနီ၊ ရိုမေးနီးယား၊ ဘူလ်ဂေးရီးယား၊ အယ်လ်ဘေးနီးယား၊ ယူဂိုဆလားဗီးယား၊ ချက်ကိုဆလိုဗက်ကီးယား) နိုင်ငံများ၌ ဆိုရှယ်လစ်အစိုးရများ တက်လာသဖြင့် ဥရောပအနောက်ခြမ်းနိုင်ငံများတွင် ဆိုရှယ်လစ်ဝါဒီများနှင့် ကွန်မြူနစ်များ အာဏာရလာမည်စိုး၍ ငွေကြေးကူညီပြီး ဘက်ကန် ဆွဲခဲ့ခြင်းဖြစ်သည်။ ယင်းသို့ အကူအညီများပေးနေသော ကာလမှာပင် အနောက်ဥရောပနိုင်ငံများ၏ လုံခြုံရေးအားအကြောင်းပြကာ နေတိုး(NATO)ခေါ် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (စစ်အုပ်စု)ကို အမေရိကန်က ဦးဆောင်ဖွဲ့စည်းခဲ့သည်။ ဥရောပ၌ အမေရိကန်၏ စစ်ရေးသြဇာထူထောင်ခဲ့သည်။

နေတိုးစစ်အုပ်စု(ဝါ)ဥရောပအနောက်ခြမ်းနိုင်ငံများကို အသုံးချပြီး ဆိုဗီယက်ပြည်ထောင်စုနှင့် အရှေ့ဥရောပဆိုရှယ်လစ်နိုင်ငံများကို စစ်အေးတိုက်ပွဲဆင်ကာ ဖြိုချရန် အမေရိကန်က အားထုတ်ခဲ့သည်။ ကမ္ဘာအနှံ့ အာရှအရှေ့ဖျားမှ ကိုရီးယားစစ်ပွဲ၊ အရှေ့တောင်အာရှမှ ဗီယက်နမ်စစ်ပွဲများ၊ လက်တင်အမေရိကနိုင်ငံများ၊ အာဖရိကနိုင်ငံများမှစစ်ပွဲများတွင် အမေရိကန်ပယောဂမပါသော စစ်ပွဲဟူ၍ မရှိချေ။ စာရေးသူတို့ ကျောင်းသားဘဝက တတိယတန်းဒေါင်းတံဆိပ် မြန်မာဖတ်စာအုပ် (ဟုထင်ပါသည်) တွင် ငပွကြီးအကြောင်းသင်ရပါသည်၊ ဖတ်ရပါသည်၊ မှတ်မိနေပါသည်။ ယင်းငပွကြီးအကြောင်းမှာ ဤသို့ဖြစ်ပါသည်။

“တစ်ခါက ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် ကျောင်းပေါ်၌ ဘုန်းကြီးကျောင်းသားများ စာသင်ကြ၊ စာအံကြသည်။ စာအံပြီးနောက် ကျောင်းအောက်ဆင်း၍ ကစားကြသည်။ ကျောင်းသားများကစားကြစဉ် ပွက်ကနဲ၊ ညံကနဲ၊စီကနဲ ရန်ဖြစ်သံ ကြားရသည်။ ကျောင်းပေါ်မှ ဆရာတော်က ‘ဟဲ့–ဘယ်သူ ရန်ဖြစ်တာလဲ’ဟု လှမ်းမေးသည်။ ဘုန်းကြီးကျောင်းသား ခပ်ကြီးကြီးတစ်ယောက်က ‘ငပွကြီးပါ’ဟု ဖြေကြားရာ ဆရာတော်က ‘ဟဲ့–ငပွကြီးကို မေးတာမဟုတ်ဘူးဟဲ့၊ ငပွကြီးနဲ့ ဘယ်သူရန်ဖြစ်တာလဲလို့မေးတာ၊ ရန်ဖြစ်တိုင်းတစ်ဖက်က ငပွကြီးပါတယ်ဆိုတာ ပြောနေဖို့ လိုသေးလို့လား’ဟု လှမ်းအော်ပြောလိုက်လေသည်။”

ဒုတိယကမ္ဘာစစ်နောက်ပိုင်း ကမ္ဘာတစ်ခုလုံးပတ်ပြီး မွှေနှောက်နေသော၊ စွက်ဖက်နေသော၊ကျူးကျော်နေသော၊ ပြဿနာမျိုးစုံ ဖန်တီးနေသော အမေရိကန်ကို ပါလီမန်ဒီမိုကရေစီ(ဖဆပလ)ခေတ် နိုင်ငံရေးသမားများနှင့် စာနယ်ဇင်းများက **“ငပွကြီး”**ဟု သမုတ်လေ့ရှိသည်။

၁၅–၁–၂၀၀၇ ရက်နေ့ထုတ် မြန်မာသတင်းစာများမှ “ကုလသမဂ္ဂကို တလွဲအသုံးချပြီး မြန်မာနိုင်ငံကို ဒုက္ခပေးလိုသည့် အမေရိကန်၏ အားထုတ်မှုရေစုန်မျောသွားပြီဆောင်းပါး”ပါ ဖိုလ်တန်ဂရော့ဗ်မန်း ပြုစုတင်ပြသော ၁၁၁ နှစ်အတွင်း အမေရိကန်တို့ စစ်ရေးအရ ဝင်စွက်၊ ဝင်ရှုပ်၊ ကျူးကျော်တိုက်ခိုက်ခဲ့သည့် ကျူးလွန်မှုပေါင်း ၁၃၄ ကြိမ်၏ စာရင်းများကိုကြည့်လျှင် အမေရိကန်၏ ငပွကြီးလုပ်ရပ်များကို သိမြင်နိုင်ပါသည်။ မြန်မာနိုင်ငံရေးသမားများပေးခဲ့သော ငပွကြီးဘွဲ့သည် ထိုလုပ်ရပ်များကို သိနေကြသောကြောင့် ဖြစ်ပေလိမ့်မည်။

အမေရိကန်သည် ဖိုလ်တန်ဂရော့ဗ်မန်း၏ စာရင်းတွင်မပါသေးသော စစ်ရေးကျူးလွန်မှုများကိုလည်း ပြုလုပ်ခဲ့ပါသည်။ ဥပမာ–၂၀၀၃ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် စတင်ပြီး ယနေ့တိုင် ကျူးကျော်စစ် မပြီးသေးသည့် အမေရိကန်၏ အီရတ်စစ်ပွဲ၊ ဆိုမာလီယာနိုင်ငံတောင်ပိုင်းဒေသ အရပ်သားပစ်မှတ်များကို ဗုံးကြဲပြီး အပြစ်မဲ့ပြည်သူများကို ယခုဇန်နဝါရီလအတွင်းမှာပင် သတ်ဖြတ်မှုများ ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

၁၅–၁–၂၀၀၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၅)မှ နိုင်ငံတကာ သတင်းပဒေသာကို ဖတ်ကြည့်မိရာ **‘အီရတ်သို့ တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မှု အမေရိကန်ပြည်သူတို့ဆန့်ကျင်’၊ ‘ဆိုမာလီယာသို့ ကန်တို့ ကျူးကျော်မှု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် စိုးရိမ်ကြောင်းပြောကြား’၊ ‘ပြည်ပ၌စွက်ဖက်မှုများ သမ္မတဘုရှ်အား ဖိလစ်ပိုင်ပြည်သူများ ချီတက်ဆန္ဒပြ’** ဟူသော ခေါင်းစဉ်အောက်၌ ဥရောပပါလီမန်ကိုယ်စားလှယ်များနှင့် တွေ့ဆုံရာ၌ ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်က အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်တို့ ပါဝင်စွက်ဖက်မှုကြောင့် တည်ငြိမ်မှုယိုယွင်းပျက်ပြားခဲ့ရကြောင်း ပြောကြားသည့်သတင်း၊ အီရတ်သို့ အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀၀၀ ကျော် ထပ်မံစေလွှတ်ရန် သမ္မတဘုရှ်၏ကြေညာချက်ကို အမေရိကန်ပြည်သူ ၇၂ ရာခိုင်နှုန်းက ကန့်ကွက်သော သတင်း၊ အမေရိကန်တို့က မြောက်ကိုရီးယားတို့သည် ငွေကြေးခဝါချမှုများ ပြုလုပ်သည်ဟု စွပ်စွဲခဲ့သဖြင့် နျူကလီးယားအစီအစဉ်နှင့် အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းမှုများ ရှေ့ဆက်မရဘဲ ပျက်ပြားခဲ့ရသော သတင်း၊ ကျူးဘားနိုင်ငံ၏ တစ်ဖက်စွန်း ဂွါတာနာမိုရှိ အမေရိကန်စစ်စခန်းရှိ အကျဉ်းထောင်တွင် လူမဆန်သော ညှဉ်းပန်းမှုများရှိ၍ ပိတ်သိမ်းပေးရန် ချီတက်ဆန္ဒပြသောသတင်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းကလည်း ဂွါတာနာမိုအကျဉ်းစခန်းကို ပိတ်သိမ်းပေးရန်ပြောဆိုသော သတင်း၊ဘန်ကီမွန်းက အမေရိကန်တို့၏ ဆိုမာလီယာနိုင်ငံအပေါ် ဗုံးကြဲကာ ကျူးကျော်တိုက်ခိုက်မှုအတွက် စိုးရိမ်ပူပန်မိကြောင်းဖြင့်လည်း ပြောကြားသောသတင်း၊ ဖိလစ်ပိုင်နိုင်ငံ စီးဘူးမြို့၌ကျင်းပသော (၁၂)ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးသို့ ချီတက်ကာ ဖိလစ်ပိုင်ပြည်သူများက အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်အား ဆန့်ကျင်လျက် အရှေ့တောင်အာရှတွင် အမေရိကန်တို့စွက်ဖက်နေမှုများကို ရပ်တန့်ပေးရန် ဆန္ဒပြတောင်းဆိုသော သတင်းများ ဖော်ပြထားသော သတင်းဓာတ်ပုံနှစ်ခုလည်းပါရှိသည်။ တစ်ပုံမှာ ဂွါတာနာမိုသို့ အကျဉ်းစခန်း ပိတ်သိမ်းရန် စစ်ဆန့်ကျင်ရေးသမားများ ဆန္ဒပြတောင်းဆိုနေသော ဓာတ်ပုံ၊ နောက်တစ်ပုံမှာ ဖိလစ်ပိုင်နိုင်ငံ စီးဘူးမြို့၌ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲပုံဖြစ်သည့် ဆန္ဒပြသူများက အမေရိကန်သမ္မတဘုရှ်၏ ပုံများကို ရုပ်ပြောင်များ ပြုလုပ်ကိုင်ဆောင်ကာ ရှေ့ဆုံးမှ အဝတ်စ ပိုစတာရှည်ကြီးတွင် U.S out of Southeast Asia (အရှေ့တောင်အာရှမှ အမေရိကန်တို့ထွက်သွား) ဟူသော စာတန်းကြီးရေးထားသည်။

ယင်းသတင်းစာ၏ စာမျက်နှာ (၄)တွင် အီရတ်ကို တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မှုမှာ မှားယွင်းမှုတစ်ခုဖြစ်ကြောင်း၊ ဘုရှ်သည် အန္တရာယ်ကြီးမားသောလုပ်ရပ်ကို ကျူးလွန်လိုက်ခြင်းဖြစ်ကြောင်း အမေရိကန်အထက်(ဆီးနိတ်) လွှတ်တော်မှ ဒီမိုကရက်တစ်၊ ရီပတ်ဘလီကင်ပါတီ နှစ်ခုစလုံး (ရီပတ်ဘလီကင်မှာ သမ္မတဘုရှ်၏ပါတီဖြစ်သည်)က ပြင်းထန်စွာ ဝေဖန် ထိုးနှက်လိုက်သောသတင်း၊ အီရတ်နိုင်ငံရှိ အာဘီလ်မြို့မှ အီရန်ကောင်စစ်ဝန်ရုံး ဝန်ထမ်းငါးဦးကို အမေရိကန်စစ်သားများ ဖမ်းဆီးခြင်းမှာ အီရတ်ရှိ နိုင်ငံစုံတပ်ဖွဲ့များအား ပေးအပ်သည့် အခွင့်အာဏာ ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ ဥပဒေနှင့် ဆန့်ကျင်သော လုပ်ရပ်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက ပြောကြားဝေဖန်သောသတင်း၊ အမေရိကန်တပ်ဖွဲ့များ အီရတ်သို့ ထပ်မံစေလွှတ်ရေးကိစ္စကို ရုရှားနိုင်ငံက ဆန့်ကျင်ကြောင်း ရုရှားအောက်လွှတ်တော်(ဒူးမား)၏ ဥက္ကဋ္ဌ ဘောရစ်ဂရီဇာလော့ဗ်က ပြောကြားသည့် သတင်းများ တွေ့ရသည်။ ဤသို့ တစ်နေ့တည်း၊ သတင်းစာတစ်စောင်တည်း၏ တစ်နေရာတည်း၌ အမေရိကန်၏ ကမ္ဘာတစ်ခွင်စွက်ဖက်ကျူးလွန်နေပုံများ ဖတ်ရခြင်းကပင် အမေရိကန်၏ ငပွကြီးလုပ်ရပ်ကို ပေါ်လွင်စေသည်။

အမေရိကန်သည် အီရန်ကိုခြိမ်းခြောက်ရန် လေယာဉ်တင်သင်္ဘောကြီး တစ်စင်း အပါအဝင် စစ်သင်္ဘောအုပ်စုတစ်ခု စေလွှတ်ထားပြီး ယခုလတ်တလော နောက်ထပ်လေယာဉ်တင် စစ်သင်္ဘောကြီး တစ်စင်း ပါဝင်သော စစ်သင်္ဘောအုပ်စုတစ်စု ထပ်လွှတ်ပြန်သည်။ တစ်ချိန်တည်းမှာပင် အီရတ်ရှိ အမေရိကန်စစ်သား ၁၄၀၀၀၀ ကို ထပ်မံအားဖြည့်ရန် စစ်သား ၂၂၀၀၀ စေလွှတ်ရန် ဆုံးဖြတ်ခဲ့ပြန်သည်။ ကမ္ဘာတစ်ခွင်ဒေသများစွာ၏ တည်ငြိမ်မှုနှင့် ငြိမ်းချမ်းရေးပျက်ပြားအောင် ရန်စွယ်နှင့်ငေါငေါစွက်ဖက်ကျူးကျော်မှုများ၊ စစ်ရေးခြိမ်းခြောက်မှုများ ဆက်တိုက်ပြုလုပ်နေသော အမေရိကန်အစိုးရက မြန်မာနိုင်ငံအား ဒေသတွင်းနှင့် နိုင်ငံတကာ၏ တည်ငြိမ်လုံခြုံရေးကို ခြိမ်းခြောက်နေလေဟန် စွပ်စွဲနေသည်မှာ ၂၀၀၇ ခု နှစ်ဦးပိုင်းအတွက် အကောင်းဆုံး ပြက်လုံးဖြစ်နေပေသည်။

စာရေးသူ ရှေ့တွင်တင်ပြသည့်အတိုင်း ကိုလိုနီနယ်ချဲ့ဝါဒဆိုလျှင် အဟောင်းရော အသစ်ပါ နား၀ လေသံမျှ မကြားလိုပေ။ စာရေးသူနှင့် အတူ မြန်မာအားလုံးကလည်း အလားတူ ရှုမြင်ခံယူထားကြပြီး ဖြစ်သည်။ မြန်မာတို့သည် နယ်ချဲ့သမား၏ ဖိနှိပ်ညှဉ်းပန်း သွေးစုပ်မှုဒဏ်ကို ၁၂၃ နှစ် ခါးခါးသီးသီး ခံခဲ့ကြပြီးပြီ။ နယ်ချဲ့ပယောဂ၊ ဂိုဏ်းဂဏစွဲလုပ်ရပ်၊ ဗဟုဝါဒခေါ်သူကတစ်မူ၊ ကိုယ်ကတစ်ဝါဒ၊ သူက တစ်လမ်းစဉ်၊ ကိုယ်ကတစ်စနစ်စသည်ဖြင့် ဝါဒစုံကွဲခဲ့၊ တိုက်ခိုက်ကြသည့် ပြည်တွင်းသောင်းကျန်းမှု၊ လက်ဝဲလက်ယာ ညှပ်ပူးညှပ်ပိတ် ဖန်တီးသော မြေပေါ်ဆူပူမှုဒဏ်ကို မြန်မာတို့ မရှုမလှ ခံခဲ့ကြရပြီးဖြစ်သည်။

၁၉၄၉ ခုနှစ် ဖဆပလအစိုးရလက်ထက် ဗကပ၊ အလံနီ၊ ရဲဘော်ဖြူ၊ ကေအင်န်ဒီအို၊ အမ်အင်န်ဒီအိုတို့က မြန်မာတစ်နိုင်ငံလုံးကို သူဦးသူ၊ ကိုယ်ဦးကိုယ် သိမ်းပိုက်ကာ အစိုးရငွေတိုက်များ အပြိုင်ဖောက်၊ ပြည်သူများကို ရက်စက်စွာသတ်ဖြတ်သဖြင့် ရန်ကုန်ခြောက်မိုင် အစိုးရခေတ်ဟုခေါ်သော ကာလကို မြန်မာတို့မမေ့နိုင်။ ထို့နောက် သောင်းကျန်းသူအဖွဲ့များ မှိုလိုပေါက်ပြီး မြို့မကျန်၊ ကျေးလက်မကျန် စီးနင်းတိုက်ခိုက်၊ လူသတ်၊ မိုင်းထောင်၊ မီးရှို့၊ ဆက်ကြေးတောင်း၊ မိုက်ကြေးခွဲကာ နိုင်ငံလွတ်လပ်ရေးပင် ဆုံးရှုံးလုနီးနီး၊ ပြည်ထောင်စုကြီးပြိုကွဲလုနီးနီး အခြေစိုက်သည်အထိဆိုးရွားလှသော တိုင်းဆူပြည်ဖျက်ကာလများကို ကြုံခဲ့ကြရပြီးပြီ။

စာရေးသူတို့ကျောင်းသားဘဝက ရန်ကုန်–မန္တလေးရထားစီးခဲ့ကြရသည်။ ရထားကို ရက်ခြား သို့မဟုတ် နေ့စဉ်သောင်းကျန်းသူတို့က မိုင်းထောင်ခဲ့ကြသည်။ ချောင်းမြောင်းပစ်ခတ်ခဲ့ကြသည်။ ရထားတစ်စင်း မိုင်းထိပြီး တိမ်းမှောက်ပြီဆိုလျှင် ခရီးသည် အပြစ်မဲ့ပြည်သူများ ရာချီပြီးသေရသည်။ ရာချီပြီး ခြေကျိုးလက်ပြတ် ဖြစ်ကြရသည်။ မိုင်းစိတ်ချရစေရန် မန္တလေးမှ ထွက်လာသောရထားသည် သာစည်တွင် တစ်ည၊ ပျဉ်းမနားတွင် တစ်ည၊ တောင်ငူတွင် တစ်ည အိပ်ရပြီးမှ ရန်ကုန်ရောက်သည်။ ရထားတစ်စင်း မိုင်းထိလျှင် ကျန်ရထားများ ခရီးမဆက်နိုင်ကြတော့ဘဲ ခရီးသည်များ ကိုယ့်အထုပ်ကိုယ်ထမ်းကာ ကားလမ်းရှိရာသွားပြီး ကားဖြင့် ခရီးဆက်ရသည်။

ကားဖြင့် ခရီးသွားရာတွင်လည်း ရန်ကုန်မှအထွက် ပဲခူး မရောက်ခင် ပစ်ခတ်မှု ကြုံရသည်။ ပဲခူးနှင့်တောင်ငူကြား၊ ထိုမှအထက် ပျဉ်းမနားအောက်အထက်တို့တွင် ချုံခိုပြီး ပစ်ခတ်တိုက်ခိုက်သော သောင်းကျန်းသူများ၊ သောင်းကျန်းသူတို့ စရိတ်(ရန်ပုံငွေ)အတွက် ဓားပြတိုက်ခံရမှုများ ရင်ဆိုင်ရလေ့ရှိသည်။ မန္တလေးမှ ပြင်ဦးလွင်(ထိုစဉ်က မေမြို့)သို့ သွားလျှင် ထုံးဘိုလောက်မှစ၍ ပစ်ခတ်မှုရှိသည်။ ထိုမှ ရှေ့ဆက်သော် တစ်လျှောက်လုံး ဆိုကြပါစို့၊ ပြည်လုံးအနှံ့တောခိုသည် ဆိုသည့်အတိုင်း တောရိပ်ခိုပြီး ခရီးသွားပြည်သူများကို **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

စာမျက်နှာ ၁၀ မှ

ပစ်ခတ် တိုက်ခိုက် လုယက်ကြသည်။ ဗကပတို့ အားကောင်းစဉ်က ရန်ကုန်သို့ ရေပို့လွှတ်ပေးနေသော ဂျုံးဖြူရေပိုက်ကြီးကို မကြာခဏ မိုင်းခွဲဖျက်ဆီးသဖြင့် ရန်ကုန်မြို့တွင် ရပ်ကွက်တိုင်းလိုလို လော့်ကားရေလှောင်ကန်မှပေးသော ဘုံဘိုင်ရေကို ရှည်လျားစွာ တန်းစီပြီး ရေတစ်ပုံးရအောင် မနည်းအားထုတ်ခဲ့ရသည်။

ရှစ်လေးလုံး ဆူပူမှုမဖြစ်မီအချိန်အထိ နိုင်ငံ၏နေရာများစွာကို အမည်း(အနက်)ရောင်နယ်မြေ (သောင်းကျန်းသူ လုံးဝစိုးမိုးရာဒေသ)၊ အညိုရောင်နယ်မြေ (သောင်းကျန်းသူတို့ ဝင်လိုက်၊ ထွက်လိုက် ကြုံလျှင် ကြုံသလို ဒုက္ခပေးတတ်သဖြင့် ရင်တမမ၊ ဘုရားတပြီး သွားလာနေထိုင်ကြရသော ဒေသများစွာ) ရှိခဲ့သည်။ ထိုစဉ်က ပြည်သူတို့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးရန် တပ်မတော်က တိုက်ခိုက်စဉ် မြေပေါ်ရှိ သောင်းကျန်းသူတို့၏ ဘက်တော်သားများက တပ်မတော်ကို ပြစ်တင်ဝေဖန်ခဲ့ကြသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် အမေရိကန်နှင့် အနောက်ဥရောပနိုင်ငံအချို့က သောင်းကျန်းသူအဖွဲ့အစည်းများ၊ ပြည်ပြေးများကို ထောက်ပံ့အသုံးချကာ မြန်မာနိုင်ငံကို ရန်ပြုလာကြသည်။ အနောက်က ထောက်ပံ့မွေးမြူထားသည့် ပြည်ပြေးများ၊ သောင်းကျန်းသူများက ရန်ကုန်ကမ္ဘာအေးလိုဏ်ဂူတွင် ဗုဒ္ဓမြတ်စွယ်တော်ကိုဖူးမြော်နေသည့် ဗုဒ္ဓဘာသာဝင် ပြည်သူများကို ဗုံးခွဲသတ်ခဲ့သည်။ ကျိုက်ထီးရိုးစေတီရင်ပြင်တော်ကို စီးနင်းပြီး ဘုရား အလှူခံပုံးများဖောက်ကာ အလှူငွေများကျုံးယူသွားခဲ့ကြသည်။ ဘုရားဖူးယာဉ်တန်းများ၊ သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ(မင်းကွန်းဆရာတော်ကြီး) ကိုယ်တိုင်ပါလာသော ဘုရားဖူးယာဉ်အား ပစ်ခဲ့သည်။ ရုပ်ထဲရွာထဲ၊ ဈေးထဲ၊ ကားဂိတ်၊ ဘူတာစသည်တို့၌ ဗုံးခွဲသည်။ လေယာဉ်ပြန်ပေးဆွဲခဲ့ကြသည်။ ဗန်ကောက်ရှိ မြန်မာသံရုံးဝင်စီးခဲ့ကြသည်။ ထိုလုပ်ရပ်များကို ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေ၊ ဒီဗွီဘီတို့က နေ့ချင်းညချင်းပင် ပြည်ပြေးများ၊ သောင်းကျန်းသူများ၏ လက်ချက်မဟုတ်ကြောင်း ဖြေရှင်းကာကွယ်ပေးခဲ့သည်။ ယင်းမီဒီယာများနှင့် အမေရိကန်၊ ဗြိတိန်တို့က ထိုအကြမ်းဖက် အဖျက်သမား၊ သောင်းကျန်းသူများကို ဒီမိုကရေစီရေးလှုပ်ရှားသူများဟု ဇန်းတင်ပေးကြသည်။

နယ်စပ်ဒေသများတွင် ဘိန်းလုပ်ငန်းလုပ်၊ရွာမီးရှို့၊ အပြစ်မဲ့ ပြည်သူများကို အစုလိုက် အပြုံလိုက်သတ်၊ ဆက်ကြေးတောင်း၊ အရွယ်မရောက်သေးသော ကလေးသူငယ်များကို တပ်သားသစ် စုဆောင်း၊ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေသူများကို အမေရိကန်တို့က တိုင်းရင်းသားလွတ်လပ်ခွင့် ကြိုးပမ်းသူ၊ ဒီမိုကရေစီရေး လှုပ်ရှားသူများဟု ရွှန်းရွှန်းဝေအောင် မွှန်းလေတော့သည်။ ထို့ကြောင့် အမေရိကန်၏လုပ်ရပ်များ၊ ပြောပေါက် ဆိုပေါက်များကား ကာယ ဒုစရိုက်၊ ဝစီ ဒုစရိုက်သက်သက်မျှသာဖြစ်ကြောင်း မြန်မာတို့က သိလာကြခြင်းဖြစ်သည်။

သောင်းကျန်းသူများ၊ ပြည်ပြေးများ၊ ပြည်တွင်းအဖျက်သမားများ၊ ဘိန်းဓားပြလက်နက်ကိုင်များကို တပ်မတော်က နှိမ်နင်းရတော့သည်။ ဤသည်မှာ ပြည်သူများ အသက်အိုးအိမ်လုံခြုံရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်သမားများကို ပြည်သူနှင့် လက်တွဲ နှိမ်နင်းရခြင်းသာဖြစ်ပေသည်။

သူတစ်ပါးနိုင်ငံကို ဝင်ရောက်ကျူးကျော်ပြီးမှ မိမိတို့အား ပြန်လည်ခုခံတွန်းလှန်သော ကျူးကျော်ခံနိုင်ငံမှ တော်လှန်ရေးသမားများကို အဖျက်သမား၊ အကြမ်းဖက်သမား၊ သောင်းကျန်းသူဟု သတ်မှတ်ကာ သာသာထိုးထိုးဖုံးကြ၊ ဖမ်းမိလျှင် နာဇီအကျဉ်းစခန်းတမျှ ရက်စက်ကြမ်းကြုတ်သော အကျဉ်းစခန်းတွင်နှိပ်စက်နေသည်မှာ အမေရိကန်တို့သာဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် ၂၀၀၂ ခုနှစ်က ရာဇဝတ်ပြစ်မှုမျိုးစုံ ၂၃ သန်းကျော်၊ ၂၀၀၃ ခုနှစ်တွင် ၂၄ သန်းကျော် ဖြစ်ပွားခဲ့ရာ ထိုပြစ်မှုကျူးလွန်သူများကို အမေရိကန်အစိုးရက ဖမ်းဆီးခဲ့၊ တရားစွဲခဲ့၊ အပြစ်ပေးခဲ့သည်ကို စာရေးသူတို့သဘောပေါက်ပါသည်။ လူသတ်မှု၊ မုဒိမ်းမှု၊ ဓားပြမှု၊ လုယက်မှု၊ ရိုက်နှက်ထိုးခုတ်မှု၊ ပြန်ပေးမှု၊ ခိုးမှုကြီးများ ကျူးလွန်သူများ၊ အခြားပြစ်မှုဥပဒေချိုးဖောက်သူများကို အမေရိကန်အစိုးရက ဖမ်းဆီးပြီး ထောင်ချတန်ချ၊ သေဒဏ်ပေးစရာရှိပေး လုပ်နေရသည်ကို အပြစ်မပြောလိုပါ။

ထို့အတူ မြန်မာနိုင်ငံတွင် ဥပဒေချိုးဖောက်ပြီး ပြစ်မှုကျူးလွန်သူများကို သက်ဆိုင်ရာက ဖမ်းဆီး၊ ရဲက အမှုလုပ်၊ တရားရုံးက စစ်ဆေးစီရင်နေရခြင်းကို အမေရိကန်တို့ ကိုယ်ချင်းစာတတ် စေချင်သည်။ အမေရိကန်တွင် မိမိနိုင်ငံသားပြစ်မှုကျူးလွန်သူကိုသာမက အခြားနိုင်ငံသားများကိုပင် ဖမ်းဆီးအပြစ်ပေးနေပေသည်။ အမေရိကန်၌ အသားအရောင်၊ လူမျိုးခွဲခြားပြီး တရားစီရင်သည်၊ ဖမ်းသည်၊ ထောင်ချသည်ဟု မီဒီယာများ၌ မကြာခဏတွေ့ရသည်။ ထိုကိစ္စ မဝေဖန်လိုပါ၊ မြန်မာနိုင်ငံတွင်လည်း ဥပဒေပုဒ်မတစ်ခုခုချိုးဖောက်ကာ ပြစ်မှုကျူးလွန်သူမှန်သမျှသည် ဥပဒေအရ အရေးယူခံရမည်သာ ဖြစ်ပေသည်။ ထိုသူက နိုင်ငံရေးသမားမို့၊ ဤသူက မည်သူမို့၊ မည်ဝါမို့ ခွဲနေ၍မဖြစ်၊ အဘယ်ကြောင့်ဆိုသော် 'No man is above the law' မည်သူမျှ ဥပဒေအထက်တွင်ရှိခွင့်မရသောကြောင့် ဖြစ်သည်။

နိုင်ငံရေး ဇန်းပြပြီး ဥပဒေကိုချိုးဖောက်လျှင်မူ မိမိလားရာအရပ်သည် အကျဉ်းထောင်သာဖြစ်ကြောင်း ကြိုသတိပြုသင့်။ 'Ignorant of law is no excuse' ဥပဒေမသိ၍ ပြစ်မှုကျူးလွန်ပါသည်ဆိုရုံနှင့် အပြစ်ကမလွတ်နိုင်ကြောင်း ဥပဒေဆောင်ပုဒ် ရှိပြီးဖြစ်၏။ ထို့ကြောင့် ဥပဒေချိုးဖောက်၍ အရေးယူခံရသူများကို လွှတ်ပေးပါဟု အမေရိကန်တို့လည်း စွက်စွက်ဖက်ဖက်ဝင်မအော်သင့်၊ ပြည်ပြေးတို့လည်း မအော်သင့်၊ ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေ၊ ဒီဗွီဘီစသည့် ပြည်ပြေးအသံလွှင့်ဌာနများကလည်း ဝင်မအော်သင့်။ မအော်ဘဲ မနေနိုင်ကြလျှင် အဘူဂါရိတ်အကျဉ်းစခန်း၊ ဂွါတာနာမို အကျဉ်းစခန်းများ ဖျက်ပါဟု ယနေ့ အော်ဟစ်ဆန္ဒပြနေသော နိုင်ငံများစွာမှ ပြည်သူများနှင့်အတူ လိုက်အော်ကြပါ။

နိုင်ငံရေးလုပ်လျှင် အာဏာရပါတီမှာ ဝင်လုပ်လုပ်၊ အတိုက် အခံပါတီမှာ ဝင်လုပ်လုပ် မိမိဆန္ဒအလျောက်လုပ်နိုင်ပါသည်။ **နိုင်ငံရေးဇန်းပြပြီး ဥပဒေကိုချိုးဖောက်လျှင်မူ မိမိလားရာအရပ်သည် အကျဉ်းထောင်သာ ဖြစ်ကြောင်း ကြိုသတိပြုသင့်ပါသည်။ 'Ignorant of law is no excuse' ဥပဒေမသိ၍ ပြစ်မှုကျူးလွန်ပါသည်ဆိုရုံနှင့် အပြစ်ကမလွတ်နိုင်ကြောင်း ဥပဒေဆောင်ပုဒ် ရှိပြီးဖြစ်ပေသည်။ ထို့ကြောင့် ဥပဒေချိုးဖောက်၍ အရေးယူခံရသူများကို လွှတ်ပေးပါဟု အမေရိကန်တို့လည်း စွက်စွက်ဖက်ဖက်ဝင်မအော်သင့်၊ ပြည်ပြေးတို့လည်းမအော်သင့်၊ ဘီဘီစီ၊ ဗွီအိုအေ၊ အာရ်အက်ဖ်အေ၊ ဒီဗွီဘီစသည့် ပြည်ပြေးအသံလွှင့်ဌာနများကလည်း ဝင်မအော်သင့်ပါ။ မအော်ဘဲ မနေနိုင်ကြလျှင် အဘူဂါရိတ်အကျဉ်းစခန်း၊ ဂွါတာနာမို အကျဉ်းစခန်းများဖျက်ပါဟု ယနေ့အော်ဟစ်ဆန္ဒပြနေသော နိုင်ငံများစွာမှ ပြည်သူများနှင့်အတူ လိုက်အော်ကြပါ**ဟု တိုက်တွန်းလိုက်ပါသည်။

အကြိမ်ကြိမ် ရေးသားတင်ပြခဲ့ဖူးသည့်အတိုင်း ယနေ့ ပြည်ထောင်စုတစ်ဝန်းလုံး၌ ငြိမ်းချမ်း တည်ငြိမ်နေသည်။ ဤသည်မှာ လက်နက်ကိုင်အဖွဲ့များ အဖွဲ့ကြီး ၁၇ဖွဲ့၊အဖွဲ့ခွဲ၊ အဖွဲ့ကွဲ၊အဖွဲ့ငယ် ၁၈ ဖွဲ့လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသောကြောင့်ဖြစ်သည်။ ယခုအခါ စာရေးသူတို့ ငယ်စဉ်ကလို နိုင်ငံတွင်း ခရီးသွားရာ၌ ရင်တမမဖြင့် အသက်ဖက်နဲ့ထုပ်ပြီးသွားလာစရာမလို။ နိုင်ငံ၏နယ်စပ်မြို့ကြီးများ၌ ဈေးမြို့များဖွင့်ကာ အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးဖြောင့်ဖြောင့်လုပ်နိုင်ပြီ။ အလုပ်နှင့်သွားမလား၊ ဘုရားလည်ဖူးမလား၊ အပျော်ခရီးထွက်မလား၊ ဆွေမျိုးမိတ်ဆွေများထံ သွားမလား လမ်းများ လုံခြုံလာ၍၊ ပိုကောင်းလာ၍ အချိန်တိုတိုဖြင့် လိုရာသို့ ချောမောစွာ သွားနိုင်ကြပေပြီ။ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရောင်ခြည်လွှမ်းထားပြီ။

ငြိမ်းချမ်းသောပတ်ဝန်းကျင်၌ နိုင်ငံတွင် ဘက်ပေါင်းစုံ၌ တည်ဆောက်ရေးလုပ်ငန်းများ ဆက်တိုက် လုပ်ကိုင်နိုင်လာပြီး ပြည်ထောင်စုတစ်ခုလုံး စီးပွားရေး၊လူမှုရေး တိုးတက်လာပြီ။ ဤသည်မှာ မြန်မာနိုင်ငံ၏ ယနေ့ အကောင်းဆုံးအခြေအနေ သရုပ်သကန်ဖြစ်ပေသည်။

စာရေးသူတို့ သိကြပြီး ဖြစ်သည့်အတိုင်း ၁၉၈၈ခုနှစ် မတိုင်မီက သောင်းကျန်းသူများကို နှိမ်နင်းရာတွင် ရိုင်ဖယ်၊ စတင်းဂန်း၊ ဘရင်းဂန်း (စက်သေနတ်ကြီး) လောက်နှင့် မရသည့်အခြေအနေ၌ အမြောက်များ သုံးပြီး ပစ်ခတ်ဖြိုခွင်းခဲ့ရသည်။ ထိုစဉ်ကလည်း အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏ တည်ငြိမ်ရေး၊ လုံခြုံရေးကို ခြိမ်းခြောက်သည်ဟု အမေရိကန်၊ ဗြိတိန်တို့ မစွပ်စွဲခဲ့။ ယနေ့ သောင်းကျန်းသူနှိမ်နင်းရသော တိုက်ပွဲကြီးများမရှိတော့ပေ။ ပြည်သူတို့အားလုံး သိပေသည်။ ယနေ့ သောင်းကျန်းသူများဆိုပြီး အရပ်သားများကို အီရတ်၊ အာဖဂန်၊ ဆိုမာလီယာတို့တွင်ဗုံးမိုးရွာချ၊ ဒုံးကျည်များဖြင့် တရစပ်ပစ်ခတ်နေသည်မှာ မြန်မာတို့မဟုတ်ပါ။ အမေရိကန်-ဗြိတိန်နှင့် အပေါင်းပါများသာဖြစ်ပေသည်။ ထို့ကြောင့် ထိုစွပ်စွဲချက်များသည် လုံးဝမမှန်ကန်၊ လုံးဝမရိုးသားသော စွပ်စွဲချက်မျှသာဖြစ်ပေသည်။ ယနေ့အီရတ်စစ်ပွဲ၊ အာဖဂန်စစ်ပွဲ၊ ဆိုမာလီယာစစ်ပွဲ စသည်တို့ကြောင့် အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများ၊ အာဖရိကတိုက်ဒေသများ တည်ငြိမ်မှုပျက်ပြားကာ သွေးချောင်းစီးနေရသည်မှာ မစ္စတာပွကြီးတို့ လက်ချက်သာဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး စတင်ဖွဲ့စည်းစဉ်ကပင် အဖွဲ့ဝင်နိုင်ငံအားလုံး သဘောတူရေးဆွဲ လက်မှတ်ရေးထိုးခဲ့ကြသော ပဋိညာဉ်စာချုပ်ကြီးတွင် ဤကမ္ဘာ၌စစ်ပွဲကြီးများ ထပ်မံမဖြစ်ပွားဘဲ ကမ္ဘာသူ၊ ကမ္ဘာသားတို့ ငြိမ်းချမ်းစွာနေနိုင်ရန်၊ နိုင်ငံအားလုံးတန်းတူညီမျှ ဆက်ဆံကာ နိုင်ငံတိုင်း၏ အချုပ်အခြာအာဏာကို လေးစားကြရန်၊ အခြားနိုင်ငံ၏ ပြည်တွင်းရေး ဝင်မစွက်ကြရန်၊ စစ်ရေးမကျူးကျော်ကြရန် အတိအလင်းဖော်ပြခဲ့သည်။

အမေရိကန်သည် ကုလသမဂ္ဂပဋိညာဉ်စာချုပ်ခေါ် U.N Charter ရေးဆွဲ၊ လက်မှတ်ရေးထိုးပြီး လိုက်နာရန် ဝန်ခံကတိပြုခဲ့သော လက်ဦးနိုင်ငံတစ်ခုဖြစ်ပါလျက် စစ်ရေးကျူးကျော်စွက်ဖက်မှု၊ တိုက်ခိုက်မှု၊ ပြည်တွင်းစစ်၊ ဒေသစစ်များဖန်တီးမှု အကြိမ်တစ်ရာကျော် ကျူးလွန်ခဲ့ပြီးပြီဖြစ်သည်။ တစ်ကမ္ဘာလုံး၏ လုံခြုံရေးကို ခြိမ်းခြောက်၊ ငြိမ်းချမ်းရေးကို ဖျက်ဆီး၊ နိုင်ငံများစွာ၏ အချုပ်အခြာအာဏာ ကိုချိုးဖောက်ကာ ကိုလိုနီပုံစံသစ်သာမက ပုံစံဟောင်းအတိုင်း ကျူးကျော်ဝင်တိုက်ပြီး ပြန်မထွက်တော့ဘဲ နယ်မြေနှင့် ယင်းနိုင်ငံသားများကို ကျွန်ပမာဆက်ဆံ၊ သယံဇာတများ လုယက် ထုတ်ယူနေသည်ကို ကမ္ဘာကသိသည်၊ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကို အကြိမ်ကြိမ် ချိုးဖောက်နေသည်ကို ယခင် ဆောင်းပါးများစွာ၌ ဖော်ပြထားကြရာ စာရေးသူ ဖတ်ခဲ့ရ၊ မှတ်ခဲ့ရပါသည်။ ဒေသတွင်းနှင့် နိုင်ငံတကာလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိပါးခြိမ်းခြောက်နေသည်မှာ မြန်မာနိုင်ငံ မဟုတ်ပါ။ မည်သို့ပင်ဆိုစေ ယနေ့မြန်မာနိုင်ငံသည် နယ်ချဲ့ဒလန်ပဉ္စမံတပ်သား၊ ရုပ်သေးရုပ်၊ ပုဆိန်ရိုး အမျိုးသစ္စာဖောက်များအတွက် ဥပဒေချိုးဖောက် ချင်တိုင်း ချိုးဖောက် သောင်းကျန်းချင်တိုင်း သောင်းကျန်း၍မရ။ ပြည်ပမှနိုင်ငံကို ဝါးမျိုခြယ်လှယ် ဗိုလ်ကျစိုးမိုးရန် ကြံသမျှ မအောင်မြင်ပေ။ သို့သော် မြန်မာတို့အတွက် ငြိမ်းချမ်းလုံခြုံသည်။ နယ်စပ်ဒေသ၊ ကျေးလက်မကျန် တစ်ပြေးညီ ဖွံ့ဖြိုးလာနေသည်။ မြို့ပြနှင့် ကျေးလက်၊ ပြည်နယ်၊ တိုင်းဒေသနှင့် နယ်စပ်ဖွံ့ဖြိုးမှုအရာ၌ ကွာဟမှု နည်းပါးလာနေသည်။ အနှောင့်အယှက်ကင်းကင်းဖြင့်သာ ရှေ့ခရီးဆက်ရလျှင် မြန်မာပြည်ထောင်စုကြီး ရွှေသီးတော့မည်သာ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ ရပ်ရွာအေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသူများ၏ ဆောင်ရွက်မှု၊ ပြည်သူ့အသက်အိုးအိမ်နှင့် ပြည်ထောင်စုပြိုကွဲမည့် အန္တရာယ်ကို တပ်မတော်က နယ်မြေရှင်းလင်း ကာကွယ်ပေးနိုင်မှုတို့ကြောင့် ယခုအခါ ပြည်ထောင်စု တစ်နံတစ်လျား အေးချမ်းတည်ငြိမ်လုံခြုံလာပြီဖြစ်ပေသည်။ ၁၉၈၈ ခုနှစ် မတိုင်မီက နိုင်ငံတစ်ဝန်း အမည်းရောင်၊ အညိုရောင်နယ်မြေများစွာဖြင့် နိုင်ငံမတည်မငြိမ် ဖြစ်နေခဲ့စဉ် အမေရိကန်တို့သည် မြန်မာနိုင်ငံ၌ ဘာဖြစ်နေပါပြီ၊ ညာဖြစ်နေပါပြီဟု မအော်ခဲ့ကြ၊ ပြဿနာမလုပ်ခဲ့ကြ။ ယခုတစ်နိုင်ငံလုံး ငြိမ်းချမ်းတည်ငြိမ်ကာ ဖွံ့ဖြိုးမှုများ တိုးပွားစည်ပင်လာချိန်ရောက်ပါမှ၊ တစ်နည်းအားဖြင့် နိုင်ငံငြိမ်းချမ်း တည်ငြိမ်ဖွံ့ဖြိုးမှုကြောင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံကာ အကျိုးတူလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ပါမှ၊ တစ်နည်းအားဖြင့် ပြည်သူတို့ ငြိမ်းချမ်းမှုအရသာ၊ ဖွံ့ဖြိုးမှုအရသာစသည့် လွတ်လပ်ရေးအရသာ ခံစားနေနိုင်ချိန်ရောက်ပါမှ မြန်မာနိုင်ငံ၏ အခြေအနေသည် ဒေသတွင်းနှင့် နိုင်ငံတကာလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိပါးနေသည်၊ ခြိမ်းခြောက်နေသည်ဟု ပြောလာသော အမေရိကန်တို့အား စာရေးသူ အကြံပေးပါရစေ။ **"မိမိနိုင်ငံ၊ မိမိလူမျိုး ဂုဏ်သိက္ခာ ထိခိုက်စေမည့် မမှန်မကန်စကား၊ မုသားဝါစာ မဆိုပါနှင့်တော့"၊ "စကားကို ချင့်ချိန်ပြီးပြောပါ။ အမှန်စကားပြောတတ်အောင် လေ့ကျင့်ပါ"။** ။

အပြည်ပြည်ဆိုင်ရာ ဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း (Myanmar ASEAN Women's Friendship Association)က ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ ဈေးရောင်းပွဲတော် (International Fair 2007) ကို ယနေ့ နံနက် ၁၀နာရီက မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဈေးရောင်းပွဲတော်သို့ နာယကအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ဇနီး၊ ဌာနဆိုင်ရာ အကြီးအကဲများ၏ဇနီးများ၊ အာဆီယံနိုင်ငံ သံအမတ်ကြီးများ၏ ဇနီးများနှင့် အာဆီယံမဟုတ်သော အခြားသံရုံးများမှ သံအမတ်ကြီးများ၏ဇနီးများ၊ ရန်ကုန်မြို့ရှိ သံတမန်မိသားစုများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ မိသားစုများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

လှူဒါန်းမည်

အပြည်ပြည်ဆိုင်ရာ ဈေးရောင်းပွဲတော်တွင် မြန်မာနိုင်ငံအပါအဝင် ၁၈နိုင်ငံတို့မှ လက်မှုပညာပစ္စည်းများ၊ ထုတ်ကုန်ပစ္စည်းများ၊ စားသောက်ဖွယ်ရာဆိုင်ခန်းများကို ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ယင်းဈေးပွဲတော်မှ ရောင်းချရငွေများကို မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်းနှင့် သံရုံးများက လူမှုရေးအသင်းအဖွဲ့များသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကိုးဘွဲ့ရဆရာတော် ဇန်နဝါရီလ ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၀

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ တိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရဓမ္မကထိက ဆရာတော် အရှင်အာစာရ လင်္ကာရ အရှင်မြတ်သည် ဇန်နဝါရီ ၂၁ ရက် ညနေ ၇နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး ဖို့မြေဓမ္မာရုံ ပထမပွဲ၊ ည ၈နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) သီရိမင်္ဂလာ မဟာစည်ရိပ်သာ ဒုတိယပွဲ၊ ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် စစ်ကိုင်း ရွှေဟင်္သာ၌ ကျောက်ပန်းတောင်းမြို့ မြို့မရပ် မြသက်ချယ် စတိုး ဦးတင်-ဒေါ်ခင်ဆွေ၏ ကိုးဘွဲ့ရ သိက္ခာထပ်အလှူပွဲ၊ ၂၂ ရက် နှင့် ၂၃ ရက် ညများတွင် မုံရွာမြို့ မြို့လယ်ဆုတောင်းပြည့်ဘုရားရင်ပြင် ပိဋကလင်္ကာရ သာမဏေကျော် စာတော်ပြန်ပွဲ၊ ၂၄ ရက်တွင် စစ်ကိုင်း ဒီပဲယင်းမြို့နယ် စိုင်ပြင်ကြီးရွာ ရှင်ပြုအလှူပွဲ၊ ၂၅ ရက်တွင် မုံရွာအနီး ဘုတလင်မြို့နယ် ဆုံကုန်းကျေးရွာ လင်းလွန်းရိပ်သာကျောင်း ဆရာတော်ကြီး အထိမ်းအမှတ်ပွဲ၊ ၂၆ ရက် ညနေ ၆နာရီ ဆည်းဆာတွင် မန္တလေးမြို့ ၄၁လမ်းနှင့် ၄၂လမ်းထောင့်ရှိ ဒေါ်မြမြဝင်း ဓမ္မဒါနပွဲနှင့် ည ၈နာရီတွင် မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီးအနီး အရှေ့မုခ် ကျွန်းလုံးဦးသျှောင် ၅၀၈ ရပ်ကွက် အထူးပွဲ၊ ၂၇ ရက်တွင် ရန်ကုန်တိုင်း သုံးခွမြို့နယ် ဘုရားကုန်းရွာ ထေရဝါဒပွဲ၊ ၂၈ ရက်တွင် သာကေတမြို့နယ် ၄/မြောက်ရပ်ကွက် သဗ္ဗမင်္ဂလာဓမ္မဗိမာန်၊ ၂၉ ရက် ညနေ ၄ နာရီနှင့် ဆည်းဆာ ၆ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဓမ္မာရုံကြီး ကလေး အထူးပွဲနှင့် ဆည်းဆာပွဲ၊ ည ၈နာရီတွင် မင်္ဂလာတောင်ညွန့် ပုသိမ်ညွန့်ရပ်ကွက် သဒ္ဓမ္မဇျူဟာဓမ္မာရုံ ညကြီးပွဲ၊ ၃၀ ရက်တွင် သာကေတမြို့နယ် ၄/မြောက်ရပ်ကွက် သဗ္ဗမင်္ဂလာဓမ္မဗိမာန်၊ ၃၁ ရက် ညနေဆည်းဆာတွင် လှိုင်မြို့နယ် ၁၃ရပ်ကွက် ကမာရွတ် အုတ်ကျင်း ဆည်းဆာပွဲ၊ ည ၈နာရီတွင် လှိုင်မြို့နယ် ၁၁ ရက်ကွက် ရွှေဟင်္သာ အားကစားကွင်း အထူးပွဲတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး တရားပွဲ ရက်ရရှိပြီးသူများသည် ဆရာတော် ဖုန်း-၀၉-၂၁၃၀၈၉၅ နှင့် ၀၁-၇၀၈၄၀၃ တို့သို့ တိုက်ရိုက်ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

စွယ်တော်မြတ် ဓာတုပူဇနီယပွဲတော်

ရန်ကုန် ဇန်နဝါရီ ၂၀

ရခိုင်ပြည်နယ် ရသေ့တောင်မြို့ အလိုတော်ပြည့်ကျောင်းတိုက်၌ ကိန်းဝပ် စံပျော်လျက်ရှိသော စွယ်တော်ဖွင့်ပွဲနှင့် ဗုဒ္ဓဓာတ်တော်များ ပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ရက်မှ ဖေဖော်ဝါရီ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဇန်နဝါရီ ၂၈ရက် နံနက် ၈နာရီ၄၅မိနစ်တွင် စွယ်တော်အား ဖွင့်လှစ်ပြီး ညနေ ၃နာရီတွင် ဗုဒ္ဓစွယ်တော်အား မြို့တွင်းသို့ လှည့်လည်အပူဇော်ခံ ကြွရောက်ကာ ဖေဖော်ဝါရီ ၁ ရက် (ကြာပသတေးနေ့)နံနက် ၈နာရီတွင် သစ်သီး၊ ဆွမ်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဗုဒ္ဓစွယ်တော်အား ဆုတောင်းပွဲကျင်းပပြီး ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်တို့အား လှူဖွယ်ဝတ္ထု ဆက်ကပ်လှူဒါန်း၍ ဖိတ်ကြားထားသော တပည့် ဒါယကာ၊ ဒါယိကာမများ အပါင်းတို့ကို စတုဒိသာ ဖြင့်ဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ရခိုင်သဟာယအသင်း(ရန်ကုန်) အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၀

ရခိုင်သဟာယအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ဇန်နဝါရီ၂၈ရက် မွန်းလွဲ ၁ နာရီတွင် ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ အသင်းဝင်လိုသူများနှင့် ပညာသင်ဆုရ ကျောင်းသားဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲတွင် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၃၁ရက်၌ အသက် ၇၅ နှစ်ပြည့်ခဲ့ကြသည့် နာယကများ၊ အသင်းအမှုဆောင်ဟောင်းများနှင့် ဂုဏ်ထူးဆောင်အသင်းဝင်များအား ပူဇော်ကန်တော့မည်ဖြစ်ရာ ကန်တော့ခံသက်ကြီးများသည် ဇန်နဝါရီ၂၅ရက်နောက်ဆုံးထား၍ ဦးကျော်အောင် ဖုန်း-၂၅၂၇၀၉၊ ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးကျော်ဇံလှ ဖုန်း-၅၅၆၂၂၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Digital Vision ကင်မရာ ဈေးရောင်းပွဲတော်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၀

Digital Vision ကင်မရာ ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ Blazon Department Store၌ ကျင်းပရာ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးအေးချစ်နှင့် Blazon Department Store, Executive Director ဒေါ်မျိုးဥမ္မာဇော်တို့က ဖွင့်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအပြီးတွင် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများက ပြသရောင်းချထားသည်များကို လှည့်လည်ကြည့်ရှုကြပြီး ဧည့်သည်တော်များအား ကံစမ်းမဲဖောက်၍ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ကမ္ဘာကျော် Digital Camera Brand များဖြစ်သော Canon, Panasonic နှင့် Sony Digital Cameraများကို ဇန်နဝါရီ ၂၀ မှ ၂၈ ရက်အထိ နေ့စဉ် နံနက် ၉နာရီခွဲမှ ည ၇နာရီအတွင်း Blazon Department Store တွင် မြန်မာနိုင်ငံသို့ တရားဝင်တင်သွင်းနေသော Showroom များမှ ကိုယ်စားလှယ်များ ကိုယ်တိုင် သင့်တော်သော ဈေးနှုန်း၊ အကောင်းဆုံးဝန်ဆောင်မှုနှင့် Warranty Card များဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ) (သတင်းစဉ်)

လီဗာပူးတို့ ချန်ပီယံချယ်လ်ဆီးကိုအနိုင်ယူ

သတင်းမြင်ကွင်း - မြင့်စိုး

လန်ဒန် ဇန်နဝါရီ ၂၀

ပရီမီယာလိဂ်ပွဲစဉ်(၂၄) ဘောလုံးပြိုင်ပွဲများကို ဇန်နဝါရီ၂၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ လီဗာပူးအသင်းက ချန်ပီယံချယ်လ်ဆီးအသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်သည်။

ပြင်ဆင်ချိန်မရ

လီဗာပူးတို့ပွဲစပြီး သုံးမိနစ်မှာပင် ပီတာခရောက်ချ် ဖန်တီးပေးသည့် ဘောလုံးမှတစ်ဆင့် ဒက်ကွက်အပိုင်ကန်သွင်းယူလိုက်ရာ ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ် ပြင်ဆင်ချိန်မရလိုက်ဘဲ ဂိုးပေးလိုက်ရသည်။

ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ်သည် ဦးခေါင်းခွဲကွဲဒဏ်ရာ ကုသနေရာမှ ပထမဆုံးအကြိမ် ပါဝင်ကစားခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းအား အနိုင်ရပြီး လီဗာပူးကစားသမားများ ဤသို့ အောင်ပွဲခံခဲ့ကြသည်။ (ဓာတ်ပုံ-အင်တာနက်)

ဖိကစားလာ

ယင်းဂိုးသွင်းယူနိုင်မှုကြောင့် လီဗာပူးကစားသမားများ ပိုမိုအားတက်သွားပြီး ချယ်လ်ဆီးကို ဖိကစားလာသည်။

ပွဲစပြီး ၁၇မိနစ်အကြာတွင် ဂျာမိန်းပင်နန့်က လီဗာပူးအသင်းအတွက် ဒုတိယမြောက် အနိုင်ဂိုးကို ၂၅ကိုက်အကွာမှ သွင်းယူပေးလိုက်ပြန်သည်။ လီဗာပူးတို့ နှစ်ဂိုးအသာ ရရှိထားပြီဖြစ်၍ ချယ်လ်ဆီးအသင်းကို ထိန်းကစားသွားခဲ့သည်။

ချယ်လ်ဆီးတို့ ဒုတိယပိုင်းတွင် အနည်းငယ်သာ လီဗာပူးအသင်းကို ပြန်လည်ထိုးဖောက် တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။ လီဗာပူးတို့ တတိယမြောက်ဂိုးအဖြစ် ရစ်ဆီသွင်းယူခဲ့ရာ ဂိုးဘားတန်းထိမှန်သွား၍ တစ်ဂိုးနစ်နာသွားခဲ့ရသည်။

အိပ်မက်ပျက်ပြယ်

ချယ်လ်ဆီးတို့ ရှုံးနိမ့်သွား၍ မန်ယူ၏ ခြောက်မှတ်ခွာထားမှုကို အမီပြန်လိုက်ရန် အိပ်မက်မှာ ပျက်ပြယ်ခဲ့ရသည်။ မန်ယူတို့ **(ယနေ့)** တွင် အာဆင်နယ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်သည်။ ဖာဂူဆန်၏ ကစားသမားများ အာဆင်နယ်ကို သရေထိန်းကစားနိုင်ခဲ့လျှင် ချယ်လ်ဆီးထက် ခုနစ်မှတ် ထပ်တိုးလာနိုင်သည်။ အနိုင်ကစားနိုင်ခဲ့လျှင် မန်ယူတို့ ချယ်လ်ဆီးကို ကိုးမှတ် ဖြတ်ထားနိုင်တော့မည်ဖြစ်သည်။

လီဗာပူးအသင်းသည် ချန်ပီယံ ချယ်လ်ဆီးနောက်မှ ငါးမှတ်အကွာဖြင့် တတိယနေရာမှ လိုက်လာပြီဖြစ်သည်။ လီဗာပူးအသင်းက ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ယခုပြိုင်ပွဲသည် လီဗာပူးနည်းပြဘင်နီတက်ဇ် အသင်းကိုကိုင်တွယ်သည့်ပွဲပေါင်း ၁၀၀ ပြည့်ခဲ့သော ပွဲလည်းဖြစ်သည်။ **(အင်တာနက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁-၂၀၀၇

(တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	ဗြဟ္မာလူနတ်ပူဇော်အပ်၏ တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒ)
၈း၀၅	Sunday Talk မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	ရှမ်းတောင်တန်းအနီး၊သာသနာပြုခရီး၊ရတနာစည်ရဲ့နည်း (ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်)
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	နိုင်ငံတကာအနုပညာအကျဉ်း
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	လိုရာခရီးအရောက်သွားနိုင်ဖို့ သုံးဘီးဆိုင်ကယ်စီးကြစို့
၁၀း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀	ငြိမ့်ညောင်းသာယာ ရှုမဝမြန်မာ့အက
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	(ကျိုက်မှော်ဝန်းရေလယ်ဘုရား)
၁၁း၁၀	မိုးလေဝသခန့်မှန်းချက်
၁၁း၁၅	**သီးနှံစိုက်ပျိုးအထွက်တိုး "ဆောင်းရာသီပဲတီစိမ်းပန်းတိုင်အထွက်နှုန်း"**
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	တစ်ကျော့ပြန်တီဘီ (အပိုင်း-၃) (ဒေါက်တာဇေစိုး)
၁၁း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၅၅	Music Gallery (ချစ်နေရရင်ပြီးတာပဲ)
၁၂း၂၅	ရှုမငြီးစရာပုသိမ်ထီးကမ္ဘာ
၁၂း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၅	ယဉ်ကျေးမှုတက္ကသိုလ် (သဘင်ပညာဌာန)
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	ပွဲကြိုသုံးသပ်ချက်(၁)	5-Sports
၇း၂၅	ပွဲကြိုသုံးသပ်ချက်(၂)	5-Sports(Live)
၇း၅၅	Wigan-Everton	5-Sports(Live)
၁၀း၂၅	Arsenal-Man:Utd	5-Sports(Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Livorno-Roma	5-Sports(Live)

ပိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရွှေစင်ရွှေပြားရွှေသင်္ကန်းတော်များကပ်လှူရေး နှိုးဆော်ပန်ကြားလွှာ

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ပစ္စယာများ၊ ပန်းတင်ခုံများအား ရွှေသင်္ကန်းတော်များ ကပ်လှူခြင်း၊ ငှက်ပျောဖူးတော်၌ ကိုးလက်မပတ်လည် တစ်ကျပ်သား ရွှေပြားများ ကပ်လှူပူဇော်ခြင်းလုပ်ငန်းများကို ၂၀၀၇ခုနှစ် မတ်လ ၃၁ရက်နေ့တွင် အပြီးဆောင်ရွက်မည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ နှုန်းထားများအတိုင်း အလှူတော်ငွေများ ပါဝင်လှူဒါန်းပူဇော်နိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ပန်ကြားအပ်ပါသည်။

(က)	ကိုးလက်မပတ်လည် တစ်ကျပ်သားရွှေပြားတစ်ချပ်	ကျပ်	၄၅၀၀၀၀
(ခ)	နှစ်လက်မတစ်မတ်ရာပြည့်ရွှေဆိုင်းတစ်ဆိုင်း	ကျပ်	၂၅၀၀၀
(ဂ)	နှစ်လက်မတစ်မတ်ရွှေဆိုင်း ၅၀ရွက်	ကျပ်	၁၂၅၀၀
(ဃ)	နှစ်လက်မတစ်မတ်ရွှေဆိုင်း ၁၀ရွက်	ကျပ်	၂၅၀၀
(င)	နှစ်လက်မတစ်မတ်ရွှေဆိုင်း တစ်ရွက်	ကျပ်	၂၅၀

ဂေါပကအဖွဲ့

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်

ဖုန်း–၂၉၂၁၆၉၊ ၂၀၂၀၈၆၊ ၂၀၁၇၆၄။

ဖိတ်ကြားအပ်ပါသည်

နာရေးကူညီမှုအသင်း(ရန်ကုန်)မှတ်ပုံတင်အမှတ် ၁၈၇၉၏ (၆)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူ အသင်းသားများ၊ စိတ်ပါဝင်စားသူ အလှူရှင်များ၊ လှူဒါန်းလိုသူများတက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ – ၂၇–၁–၂၀၀၇ ရက်

ကျင်းပမည့်အချိန် – မွန်းလွဲ ၂ နာရီ

ကျင်းပမည့်နေရာ – ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်၊ သုဒဿနလမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်ာန်းကျွန်း။

နာရေးကူညီမှုအသင်း(ရန်ကုန်)။

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၄ လမ်း၊ အမှတ် ၂၀၁၊ ဒုတိယထပ်နေ

ဦးမောင်လှ–ဒေါ်တင်တင်ဝင်း[ဦးလှနှင့် သားသမီးများချုပ်ထည်(ပင်ရင်း)၊ မင်္ဂလာဈေး]တို့၏

တစ်ဦးတည်းသောသား

ဗိုလ်ကြီးကျော်နိုင်လင်း

B.C.Sc (D.S.A), M.C.Sc (ME. Ph.I)

လက်ထောက်ကထိက၊ သုတနည်းပညာအင်ဂျင်နီယာဌာန

တပ်မတော်နည်းပညာတက္ကသိုလ်၊ ပြင်ဦးလွင်မြို့

နှင့်

ရန်ကုန်မြို့၊ ခရေမြိုင်လမ်း၊ တိုက် ၁၈/၂၊ သုဝဏ္ဏမြို့နေ

ဗိုလ်ကြီးမောင်စန်း(ငြိမ်း)–ဒေါ်သိန်းသိန်းညွန့်တို့၏ တစ်ဦးတည်းသောသမီး

မခင်နီလာစန်း

B.Sc (Physics)

တို့၏ ၆–၁–၂၀၀၇ရက် (စနေနေ့) မြရိပ်ညိုဟိုတယ်၌ကျင်းပသော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် လက်မှတ်ရေးထိုးပေးသော တွံ့ဖက်မြို့နယ်တရားသူကြီး ဦးသန့်ဇော်သန်း၊ အသိသက်သေလက်မှတ်ရေးထိုးပေးသော ဗိုလ်မှူးကြီးခင်မောင်ဝင်း၊ ဗိုလ်မှူးအောင်လှိုင်(ငြိမ်း) (ဦးဆောင်ညွှန်ကြားရေးမှူး၊ ငြိမ်း၊ စွမ်းအင်ဝန်ကြီးဌာန)၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဦးဝင်းတင်အားလည်းကောင်း၊ ၁၀–၁–၂၀၀၇ရက်တွင် မဟာသန္တိသုခကျောင်းတော်ကြီးတွင် ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးတွင် တက်ရောက်ကြသော လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၀–၁–၂၀၀၇ရက် (စနေနေ့) Traders Hotel (Myanmar Ball-room) မင်္ဂလာခန်းမတွင်ကျင်းပသော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဗိုလ်ချုပ်မြင့်အောင်နှင့်ဇနီး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဗိုလ်ချုပ်သိန်းငွေနှင့် ဇနီးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးဆောင်ရွက်ပေးသော တေးသံရှင် ဟေမာနေဝင်းအားလည်းကောင်း၊ မင်္ဂလာဝတ်စုံနှင့် ဆံပင်မိတ်ကပ်ဆင်မြန်းပေးသော ခင်စန်းဝင်း၊ ဗီဒီယို၊ ကင်မရာ စိုင်းဘုန်းထူးနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မဆုရည်မွန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဗန်းအား ကိုင်ဆောင်ပေးသော မချယ်ဆုသီ၊ မင်္ဂလာလက်စွပ်ဗန်းအားကိုင်ဆောင်ပေးသော မသဲဆုအောင်၊ သတို့သားအရံအဖြစ်ဆောင်ရွက်ပေးသော ဗိုလ်ကြီးဇေယျာဦး၊ ဗိုလ်ကြီးအောင်အောင်၊ သတို့သမီးအရံအဖြစ်ဆောင်ရွက်ပေးသော မဝင့်ကေခိုင်၊ မမြတ်မြတ်စိုး၊ တေးဂီတနှင့်ဖျော်ဖြေပေးသော The Aces တေးဂီတအဖွဲ့၊ Traders Hotel မန်နေဂျာနှင့်ဝန်ထမ်းများ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

ဗိုလ်ကြီးကျော်နိုင်လင်း–မခင်နီလာစန်း။

သမီး မစန္ဒာ

သမီး အိမ်မှဆင်းသွားကတည်းက ဖေဖေ မေမေ စိတ်မချမ်းသာပါ။ သမီးလေး အမြန်ပြန်လာပါ။ သမီးလေး အမြန်ဆက်သွယ်ပါ။ အားလုံးခွင့်လွှတ်သည်။ မှတ်ပုံတင်မပါဘဲ လက်ခံထားသူမှာ ပြစ်မှုကျူးလွန်သူဖြစ်ပြီး ဥပဒေအရ အရေးယူမည်။ သတင်းပေးသူအား ကျေးဇူးပြုပါမည်။ **ပါပါး–မာမီး**

ဖုန်း–၂၉၉၀၈၃။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း၃လမ်း မှတ်တိုင်အနီး)တွင် အမှတ်၂၁၄ ခရေမြိုင်လမ်းသွယ် စရည်းပင်လမ်း သုဝဏ္ဏ သဃ်ာန်းကျွန်းမြို့နယ်နေ ဖခင်ကြီး ဦးမောင်တူအားရည်စူး၍ မိခင်ဒေါ်အေးအေးနှင့်သားသမီးများက အလှူငွေကျပ်တစ်သိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဥက္ကလာပစေတီတော်(၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဇန်နဝါရီ ၂၀

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် ရှေးဟောင်းခုနစ်ဆူဘုရားနှင့် အောင်တော်မူစေတီ၏ (၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဂေါပကအဖွဲ့ကကြီးမှူး၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဇန်နဝါရီ၂၀ရက်(စနေနေ့) ညနေ ၄နာရီတွင် နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများ၊ တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းတောင်ဘက်ခြမ်းရှိ ရပ်ကွက်များသို့လည်းကောင်း၊ ၂၁ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီခွဲတွင် သစ္စာလမ်းမြောက်ဘက်ခြမ်းရှိ ရပ်ကွက်များသို့လည်းကောင်း ဒေသစာရီကြွချီအပူဇော်ခံမည်ဖြစ်သည်။

ဇန်နဝါရီ၂၅ရက် (ကြာသပတေးနေ့) ဘုရားပွဲတော်နေ့ နံနက် ၅နာရီတွင် ဂေါပကအဖွဲ့က စေတီတော်အား ဆွမ်းတော်ကပ်လှူပူဇော်ပြီး ဩဝါဒါစရိယဆရာတော်ကြီးများက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်မည်ဖြစ်သည်။

ဇန်နဝါရီ ၂၇ရက် (စနေနေ့)မွန်းလွဲ ၁နာရီတွင် မဟာမုနိဓမ္မာရုံ၌ မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၉တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သုံးကျောင်းနှင့် သီလရှင်တစ်ကျောင်းသို့ ဆွမ်းဆန်တော်လှူဒါန်းမည်ဖြစ်သည်။

ဇန်နဝါရီ၂၈ရက်(တနင်္ဂနွေနေ့)နံနက်၈နာရီတွင် စေတီတော်ရင်ပြင်၌ မြတ်စွာဘုရားနှင့် ရဟန္တာ၁နှစ်ပါး၊ ဩဝါဒါစရိယဆရာတော် ရှစ်ပါး၊ ကျောင်းထိုင်ဆရာတော်၁၆၄ပါး၊ စုစုပေါင်း ၁၇၅ပါးတို့အား မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပပြီး ပွဲတော်နောက်ဆုံးရက် ဇန်နဝါရီ၃၁ရက်(ဗုဒ္ဓဟူးနေ့)ည၉နာရီတွင် မဟာဒုက်ဘုရားကံစမ်းမဲ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ (၂၀၀)

တိပိဋက=နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၉

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတော်မူခဲ့သော တိ=နိ (ပင်မ)အဖွဲ့၊ တိ=နိ ရန်ကုန်ဌာန၊ မန္တလေးဌာန၊ စစ်ကိုင်းဌာန၊ ပြင်ဦးလွင်(အနီးစခန်း)ဌာန စာအုပ်စာပေမော်ကွန်း၊ အနုပညာအဖွဲ့၊သုဘဒ္ဒါအဖွဲ့အမှုဆောင်များနှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအကျိုးတော်ဆောင်များ တစ်ဖွဲ့လျှင် နှစ်ဦးစီဖြင့် (၂၃)ကြိမ်မြောက် နှစ်ပတ်လည် စုံညီအစည်းအဝေးကြီးကို ဆရာတော်ကြီးပျံလွန်တော်မူသည့် (၁၄)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပမည်ဖြစ်သည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဖေဖော်ဝါရီ၆ရက် အရောက်လာရောက်ပြီး ဖေဖော်ဝါရီ ၇ရက်၊ ၈ရက်တို့တွင် အမှတ်၁၂ စကားဝါလမ်း တိပိဋကကျောင်းတော်၌ အစည်းအဝေး ကျင်းပမည်ဖြစ်ရာ မပျက်မကွက်ကြွရောက်ပါရန်ဖိတ်ကြားထားကြောင်း သိရသည်။ **(က–ပ)**

မီး

အစဉ်သတိပြု

ဆုချီးမြှင့်

ကျောက်တံခါးမြို့နယ် အမက (၁)၂၀၀၅–၂၀၀၆ခုနှစ် ပညာရည်ချွန်ဆုပေးပွဲနှင့်ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၈ရက်ကကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆု ရရှိခဲ့သော မောင်အောင်ဆန်းလင်းအား မိဘဆရာအသင်းနာယက ဦးကျော်သိန်း ဆုချီးမြှင့်ပေးစဉ်။

(က–ပ)

အတူခတ်၍ လှော်ကြမည်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်မြင့်မားသော ရည်ရွယ်ချက်(၇)ရပ်အား ဦးတည်၍ ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အဆင့်ဆင့်သော အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် မိမိတို့အမျိုးသမီးများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသော အရေးအရာ ကိစ္စရပ်များကို ဆောင်ရွက်ရင်း နိုင်ငံတော်၏ ပြည်သူ့အကျိုးပြု လုပ်ငန်းနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများအား ကျရာကဏ္ဍမှ စိတ်ညီ လက်ညီ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ဖြစ်သော ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး(၃)ပါးသည် မိမိတို့ရရှိထားသည့် လွတ်လပ်ရေးနှင့် တိုက်ရိုက်အချိုးကျလျက်ရှိပါသည်။ ဒို့တာဝန်အရေး(၃)ပါးကို အလေးအနက်ခံယူ ကျင့်သုံးနိုင်မှ မိမိနိုင်ငံတော်၏ လွတ်လပ်ရေးသည်လည်း ရေရှည်တည်တံ့နေမည် ဖြစ်ပါသည်။ လူမှုရေး အသင်းအဖွဲ့များဟူသည် ပြည်သူထဲက ပြည်သူများဖြင့် စိတ်တူကိုယ်တူ၊ ရည်ရွယ်ချက်တူသူများက တူညီသော အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ရန် ဖွဲ့စည်းထားခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် အသီးသီးသော လူမှုရေးအသင်းအဖွဲ့ဝင်များသည် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ကို မဏ္ဍိုင်ယူ၍ မိမိတို့အသင်းအဖွဲ့လုပ်ငန်းတာဝန်များကို တတ်စွမ်းသမျှ ထမ်းဆောင်လျက် ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ တူညီသောအလံတော် အောက်၌ ပြည်နယ်နှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့များသည် ဌာနကြီး (၅)ခု၊ လုပ်ငန်းအဖွဲ့(၅)ခု၊ လုပ်ငန်းအဖွဲ့ခွဲ(၇)ခုဖြင့် မိမိဒေသရှိ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်တို့၏အားကိုရယူကာ ကဏ္ဍအသီးသီးမှ စဉ်တိုက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ သန်းပေါင်း ၅၅ဒသမ၄ ရှိသည့်အနက် အမျိုးသမီးဦးရေသည် ၂၇ဒသမ ၉သန်းခန့်ရှိပါသည်။ ဦးရေအချိုးအစားအရ ကြည့်မည်ဆိုလျှင် အမျိုးသား များထက် အမျိုးသမီးဦးရေက ပိုမိုများပြားလာသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။ နိုင်ငံတော်တည်ဆောက်ရေး၌ အဓိကကျသည့် Human Resourcesတွင် အမျိုးသမီးများ၏လုပ်အားသည် အဓိကအခန်းကဏ္ဍမှ ထင်ရှားပေါ်လွင်စွာ ပါဝင်နေပါသည်။

ရန်ကုန်တိုင်းအတွင်းတွင်လည်း လူဦးရေ ၆ဒသမ ၁သန်းကျော် ရှိသည့်အနက် အမျိုးသမီးဦးရေသည် ၃ဒသမ ၁သန်းကျော် ရှိပါသည်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ၂၀၀၆ ခုနှစ်အတွက် ဌာန လုပ်ငန်းအဖွဲ့များအလိုက် ဦးတည်ဆောင်ရွက်နိုင်ရန်အတွက် ရှေ့လုပ်ငန်းစဉ်(၉)ရပ်အား ချမှတ်ခဲ့ပါသည်။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့သည် အမျိုးသမီးများ ကိုယ်ရည်ကိုယ်သွေး ထက်မြက်စေရန်အတွက် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးမှုသင်တန်းများ၊ စီမံခန့်ခွဲမှုသင်တန်းများ၊ ဆက်သွယ်မှုနည်းပညာသင်တန်းများ၊ Thinking Skill သင်တန်းများနှင့် အခြေခံသတင်းစာ သင်တန်းများကို ဖွင့်လှစ်ပို့ချ တက်ရောက်စေခဲ့ပါသည်။ အမျိုးသမီးများ စီးပွားရေး၊ ပညာရေး၊ လူမှုရေးဆိုင်ရာ ဗဟုသုတများရရှိစေရန် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေးအဆင့်မြှင့်တင်မှုလုပ်ငန်းများ၊ လူမှုရေးကူညီဆောင်ရွက်မှုလုပ်ငန်းများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ သိရှိစေရန်၊ ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို သဘောပေါက်နားလည်စေရန်နှင့် နိုင်ငံတော်မှချမှတ်ထားသည့် ဦးတည်ချက်(၁၂)ရပ် အောင်မြင်စေရေးအတွက် အမျိုးသမီးကဏ္ဍမှ တစ်တပ်တစ်အား ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အမျိုးသမီးရေးရာ အသိပညာပေးစကားဝိုင်းများပြုလုပ်၍ အသိပညာများ ဖြန့်ဝေပေးလျက် ရှိပါသည်။

ယနေ့ကမ္ဘာပေါ်တွင် အကောင်အထည်ဖော်နေသော ထောင်စုနှစ် ရည်မှန်းချက်များ(Millennium Development Goal)ပြည့်မီရေးတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အတွင်းမှ ရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင် ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကလည်း ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသအဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေး အဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များသို့ ရှေ့လုပ်ငန်းစဉ်အဖြစ် ချမှတ်ပေးခဲ့ပါသည်။

ခင်ဦး

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က MDG ၏ ရည်မှန်းချက် တစ်ခုဖြစ်သော အခြေခံပညာပြီးဆုံးစေရေး(To achieve universal primary education)ရည်မှန်းချက် အောင်မြင်ရေးအတွက် ကျောင်းဝင်နှုန်း၊ မူလတန်းလွန်ကျောင်းနေနှုန်းများ မြင့်တက်ရေးကို ဝန်ကြီးဌာနများ၊ အခြား လူမှုရေးအဖွဲ့အစည်းများ ဒေသခံလုပ်သားပြည်သူများနှင့် ပူးပေါင်းကာ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ကျောင်းနေအရွယ် ကလေးငယ်တိုင်းကျောင်းသို့ ရောက်ရှိရေးအတွက် ကျောင်းအပ်နှံရေး အခမ်းအနားများကို ကျင်းပခဲ့ကြပြီး ကျောင်းသား ကျောင်းသူ ၆၁၀၀အတွက် စာရေးကိရိယာ၊ ကျောင်း ဝတ်စုံနှင့် ငွေသားထောက်ပံ့မှု စုစုပေါင်းတန်ဖိုး ၁၅၆သိန်းကျော်ကို လှူဒါန်းခဲ့ကြပါသည်။

ထို့အပြင် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်(၄)ဖြစ်သော ကလေးသူငယ် သေဆုံးမှု လျှော့ချရေး (Reduce Child Mortality) နှင့်ပတ်သက်ပြီး ကိုယ်ဝန်ဆောင်မိခင်များ၏ကျန်းမာရေးပညာပေး လေ့ကျင့်ဆွေးနွေးပွဲ အကြိမ် (၅၀၀)ကျော်ကိုလည်းကောင်း၊ ကလေးသူငယ် များနှင့်ပတ်သက်၍ ကျန်းမာရေးပညာပေး လေ့ကျင့်ဆွေးနွေးပွဲ အကြိမ် (၂၄၀)ခန့်ကိုလည်းကောင်း ပြုလုပ်ပေးနိုင်ခဲ့ပါသည်။

ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်(၆)ဖြစ်သော HIV/AIDS,TB, Malaria and Other Diseasesတိုက်ဖျက်ရေးတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့သည် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနက ဦးဆောင်ကျင်းပသော ရန်ကုန်တိုင်း အတွင်းရှိမြို့နယ် (၁၂)မြို့နယ်တွင် HIV/AIDS,TB အခြား နာတာရှည်လူနာများနှင့် မိသားစုများအတွက် ပြည်သူလူထုအခြေပြု ရောဂါကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်မှု ပေးခြင်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့်အပြင် နည်းပြသင်တန်းများ၊ ဆင့်ပွားသင်တန်းများ VCCT ဆိုင်ရာ ဆင့်ပွားသင်တန်းများကို ဖွင့်လှစ် ပို့ချပေးနိုင်ခဲ့သည့်အပြင် ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ဝေဒနာရှင်များ (Comprehensive Home Base Care& Support)အိမ်တိုင်ရာရောက် ကြည့်ရှုအားပေး နှစ်သိမ့်ဆွေးနွေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ပြုစုစောင့်ရှောက်ပေးခြင်းတို့ကို ပြုလုပ်ပေးလျက် ရှိပါသည်။

အမျိုးသမီးများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူနေမှု အဆင့်အတန်းမြင့်မားစေရန် ရည်ရွယ်၍ အမျိုးသမီးများ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အစားအသောက်ဆိုင်ရာ သင်တန်းအကြိမ် (၆၀)၊ လူသုံးကုန်ပစ္စည်းဆိုင်ရာသင်တန်းအကြိမ် (၂၃)ကြိမ်၊ ဝန်ဆောင်မှု ပေးခြင်းဆိုင်ရာ သင်တန်း(၅၉)ကြိမ်တို့ကို ပြုလုပ်ပေးခဲ့ပါသည်။

အလုပ်လုပ်ကိုင်လိုသူ အမျိုးသမီးများအားလည်း အရည်အချင်း၊ လိုအပ်ချက်များနှင့် ကိုက်ညီသည့် ရုံးဌာန၊ ကုမ္ပဏီ၊ စက်ရုံအလုပ်ရုံများ တွင် အလုပ်အကိုင်ရှာဖွေပေးနိုင်ခဲ့ပါသည်။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်လိုသော အမျိုးသမီးများအား လုပ်ငန်းထပ်မံတိုးချဲ့ရန်အတွက် အသေးစားချေးငွေများကိုလည်း ထုတ်ချေးပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ချမှတ်ထားသည့် ရည်ရွယ်ချက်များအနက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီး များကို လေ့ကျင့်ပျိုးထောင်ပေးရန်ဟူသည့် ရည်ရွယ်ချက်တစ်ရပ် ပါဝင်ပါသည်။ ထို့အပြင် တိုင်းရင်းသားရေးဆိုင်ရာ အခြေခံမူတစ်ရပ် ချမှတ်ထားရှိပြီး ယင်းအခြေခံမူမှာ ပြည်ထောင်စုတိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို အပြန်အလှန် အလေးထားမှုနှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်မည်ဟု သတ်မှတ်ထားရှိပါသည်။

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းက လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ခမ်းနားထည်ဝါစွာ ထွန်းပြောင်သော သမိုင်းရာဇဝင်များဖြင့် ရပ်တည်ခဲ့သည့် နိုင်ငံ ဖြစ်ပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများ သည်လည်း ဥမကွဲ၊ သိုက်မပျက်၊ အေးအတူ၊ ပူအမျှ ချစ်ခင်ရင်းနှီးစွာ နေထိုင်လာခဲ့ကြသည့် သမိုင်းကြောင်းမှာလည်း အထင်ကရပင် ဖြစ်ပါသည်။

ထို့အပြင် နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး(၃)ပါးတွင် ပါဝင်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် နိုင်ငံတော်ကြီးဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကကျသော အကြောင်းရင်းတစ်ရပ် ဖြစ်ပါသည်။ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့မည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပအဖျက်အမှောင့် ပယောဂများ ကင်းရှင်းကာ မိမိတို့ရရှိထားသည့် လွတ်လပ်သော အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည် ဖြစ်ပါသည်။

ရန်ကုန်တိုင်းအတွင်းမှာလည်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လျက်ရှိပြီး တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ဝင်များအနေဖြင့် တိုင်းရင်းသား ရိုးရာဓလေ့များဆိုင်ရာ ဟောပြောပွဲများ၊ အစားအစာရောင်းချပွဲများ၊ ကပွဲများ၊ ဝတ်စားဆင်ယင်မှု သရုပ်ပြပွဲများနှင့် လေ့လာရေးခရီးစဉ်များကို ပြုလုပ်ခဲ့ကြပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို မြှင့်တင်ပေးနိုင်သည့် တိုင်းရင်းသားရေးရာ လှုပ်ရှားမှု များအားလုံးကို ဦးစားပေးဆောင်ရွက်လျက် ရှိပါသည်။

ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စု ခန်းမ၌ အမျိုးသားညီလာခံကို ၁၇–၅–၂၀၀၄မှ ၃၀–၁၂–၂၀၀၆အထိ ပြန်လည် ကျင်းပခဲ့ပါသည်။ ညီလာခံကြီးမှ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးအတွက် အဓိကအခြေခံဖြစ်သော အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို အခန်းခေါင်းစဉ်အလိုက် တစ်ခုပြီးတစ်ခု အောင်မြင်စွာ ချမှတ်နိုင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ချမှတ်ထားသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာ အခန်းကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက် ကြွကြွ အင်တိုက်အားတိုက် ပါဝင်ရေးအတွက် စည်းရုံးအကောင်အထည် ဖော်ရန်ဆိုသည့် ရှေ့လုပ်ငန်းစဉ်နှင့်အညီ ၇–၁–၂၀၀၆ရက်နေ့တွင် သုဝဏ္ဏအားကစားပြိုင်ပွဲရုံ၌ ကျင်းပသော အမျိုးသားညီလာခံကြိုဆို ထောက်ခံပွဲသို့ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များသည် အင်တိုက် အားတိုက် တစ်ခဲနက် တက်ရောက်ထောက်ခံခဲ့ကြပါသည်။ အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးအတွက် အမျိုးသားညီလာခံကြီး အောင်မြင်အောင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ပြည်သူနှင့်အတူ တက်ညီ လက်ညီ ပူးပေါင်းဆောင်ရွက်သွားမည့် အကြောင်း သန္နိဋ္ဌာန်ပြုဖော်ပြလိုက်ရပါသည်။ ။

မြေပုံမြို့နယ် ပဲကောက်–ကံသာကျေးရွာဆက်လမ်းပေါ်ရှိ ကွန်ကရစ် တံတားတည်ဆောက်မှုကို ဒီဇင်ဘာ ၂၅ ရက်က အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့ ကွင်းဆင်း ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

လောင်းလုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော မြို့ကွက်သစ် (၄)လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဒီဇင်ဘာ ၂၅ရက်က အမှုဆောင်အရာရှိ ဦးတင်အုံးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးပြည်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဖန်နဝါရီ ၃ရက်က ကော့ကရိတ်မြို့နယ် မြို့တွင်းလမ်းများ ကတ္တရာခင်းရန် ကတ္တရာ စုဆောင်းထားမှုကို ကွင်းဆင်းကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးသိန်းဝင်းက ရှင်းလင်းတင်ပြစဉ်။ (ခရိုင် ပြန်/ဆက်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း)အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဖခင်ကြီး ဦးထွန်းခင်အားရည်စူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေး(၉)ရပ်ကွက် ဓမ္မာရုံလမ်းသွယ် မြစ်ပယ်လမ်း အမှတ် ၅၄ စီနေ ဒေါ်သန်းတင်နှင့်သားသမီး မိသားစုက အလှူငွေကျပ်တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် မြစ်ကျိုး အရှင်ဝိလာသ (ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြတ်ရွှေဂူစေတီ ဗုဒ္ဓပူဇနီယပွဲကျင်းပ

ကျောက်ပန်းတောင်း ဇန်နဝါရီ ၂

ကျောက်ပန်းတောင်း မြို့လယ် မြတ်ရွှေဂူစေတီတော်ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကို မြတ်ရွှေဂူဂေါပကအဖွဲ့ ဥက္ကဋ္ဌ (သီဟသုဓမ္မ မဏိဇောတဓရ) ဦးစိုးသိန်း ဦးဆောင်သောအဖွဲ့ဝင်များက ဗုဒ္ဓပူဇနီယပွဲတော်ကို ဒီဇင်ဘာ ၁၉ရက်မှ ၂၃ရက်အထိ ဘုရားရင်ပြင်တော်ပေါ်၌ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၆ရက်က ပင့်သံဃာတော်အပါး ၃၀၀ကျော်အား ဆွမ်းသပိတ်လောင်းလှူပွဲကို လည်းကောင်း ကျင်းပရာ မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြတ်ရွှေဂူစေတီတော် ဘုရားပွဲတော်ကို တစ်လတိုင် ကျင်းပ၍ အနယ်နယ်အရပ်ရပ်မှ ဈေးအရောင်းဆိုင်များ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားစွာ စေတီတော်ဂေါပကအဖွဲ့က ကြီးကြပ် ကျင်းပခဲ့သည်။ **(ဝ၆၁)**

ရန်ကုန်မြို့ စမ်းချောင်း မြို့နယ် **မကြီးကြီးလမ်းအမှတ် (၁၁)နေ ဦးထွန်းမြင့်၊ ဦးကျော်ညိမ်း၊ ဒေါ်တင်ရီ မောင်နှမ တစ်စုတို့က ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ငယ်စဉ်ကာလ သာမဏေဘဝကသီတင်းသုံးခဲ့သော မြင်းခြံမြို့ မင်းကျောင်းတိုက်၌ ဝိသာခါအဖွဲ့မှ လစဉ်မတည်၍ ဆန္ဒတော်ပြည့် ဘက်စုံတည်ဆောက်ရေးအဖွဲ့က ဆောက်လုပ်နေဆဲ ဆန္ဒတော်ပြည့် တိပိဋကဓမ္မပါလ နှစ်ထပ်ဆွမ်းစားကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်း၊ ထရန်စဖော်မာ တပ်ဆင်ရန်အတွက် အလှူငွေကျပ်တစ်သိန်း စုစုပေါင်း နှစ်သိန်းကို အကျိုးတော်ဆောင်နာယကဆရာတော် ဒီဃဘာဏက မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ နန္ဒိယ ဆန္ဒတော်ပြည့် ဆရာတော်ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး ဆန္ဒတော်ပြည့် ဘဏ္ဍာရေးအကျိုးဆောင် သုခိတာ ဒေါ်ပုလေးထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

မီးဘေးရှောင် မလောင်ခင်တား

(၁၀၈)ဆူ အောင်တော်မူဘုရား ရွှေသင်္ကန်းကပ်လှူမည်

ပျဉ်းမနား ဇန်နဝါရီ ၉

ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် (၁၀၈)ဆူ အောင်တော်မူ ဘုရားကြီးပွဲတော် ရွှေသင်္ကန်းကပ်လှူပွဲ၊ စုပေါင်းရှင်ပြုပွဲနှင့် ပရိယတ္တိဓမ္မဝိနယစာတော်ပြန်ပွဲများကို ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဘုရားပွဲတော်ကြီးအကြိုဓမ္မသဘင် တရားပွဲများကို ဇန်နဝါရီ ၂၁ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက် ရေစကြိုဆရာတော် ဘဒ္ဒန္တ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ ဝါယမိန္ဒာဘိဝံသ၊ မန္တလေးမြို့ တောင်စလင်းတိုက် ဝါခင်းကုန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ တိက္ခနှင့် စစ်ကိုင်းတောင်ရိုး သစ္စာဝါဒီကျောင်းတိုက် သစ္စာဝါဒီဆရာတော်ဘဒ္ဒန္တ ဓမ္မလင်္ကာရနှင့် ဘဒ္ဒန္တ တေဇနိယဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည့်အပြင် စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး၏ အဓိပတိ ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ စာပေပါရဂူဘွဲ့ရ ဆရာတော်ကြီး၏ တရားပွဲများကိုလည်း ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **(၁၀၁)**

ရန်ကုန်တိုင်း သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော သုံးခွ-တကောကျေးလက်လမ်း ဂဝံခင်းခြင်းကို ဒီဇင်ဘာ ၂၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဌေးနှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီတာမြင့် တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ် စည်ပင်)

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သာယာဝတီမြို့ ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သော နွယ်ခွေကျေးရွာ တစ်လက်မခွဲလက်နှိပ်တုံကင် ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ အမှုဆောင်အရာရှိ ဦးမောင်မောင်တင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ရာသီကုန်သီးနှံ စနစ်တကျရောင်းရေး နေရာသတ်မှတ်

မြစ်ကြီးနား ဇန်နဝါရီ ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကို သန့်ရှင်းသပ်ရပ်လှပပြီး စည်းကမ်းစနစ်တကျဖြစ်သော ပြည်နယ်ဖြစ်စေရန် မြို့နယ်စည်ပင်သာယာ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၈ရက်က စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဦးနေလင်းကျော်နှင့်အဖွဲ့သည် ပြည်ထောင်စုလမ်း၊ ဆွမ်ပရာဘွမ်လမ်း၊ ဇော်ဂျီလမ်း၊ အောင်ဆန်းလမ်းနှင့် သခင်နက်ဖေလမ်းမကြီးဘေး ဝဲယာတစ်လျှောက် မြေပေါ်ကျူးကျော်ဆိုင်များ ရှင်းလင်းခြင်း၊ ရာသီကုန်သီးနှံ ရောင်းချသူများ စနစ်တကျ ရောင်းချရေး နေရာသတ်မှတ်ပေးခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဦးစီးအရာရှိဦးခင်အောင်နီ ကြပ်မတ်ဆောင်ရွက်ပေးသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် တပို့တွဲလဆန်း ၅ ရက် ၂၂-၁-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ရွှေအိုးစည်ခရီးသွားလုပ်ငန်း)

၁၁:၄၀ သုတစုံစွာသိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာတချို့)(သိပ္ပံမှူးတင်)

၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၂:၁၅ အားကစားသတင်းပဒေသာ

၁၂:၃၅ သီချင်းကြီး ပဒေသာ
(၁) သိင်္ဂါရွှေဘုံပတ်ပျိုး (ကျိုက်လတ်စောအောင်)
(၂) သာဆန်းရဂုံဘွေပတ်ပျိုး (သိမ့်သိမ့်ဆွေ)

၁၃:၁၀ ပညာရေးအစီအစဉ် (စတုတ္ထတန်း-ဘဝတွက်တာကျွမ်းကျင်စရာ)

ညနေပိုင်း

၁၆:၁၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
(၁) ကွမ်းတောင်ကိုင် (မောင်မောင်ကြီး)
(၂) ခလောက်ကလေးဒိုးဒိုးဒေါင် (ကိုမြသောင်း၊ မေလှမြိုင်)
(၃) မေခင်တို့ရွာ(ဥက္ကလာညိုညိုမြင့်)

၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၇:၄၀ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (လတပို့တွဲ ထမနဲ)

၁၇:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉:၁၅ ဆိုင်းအဖွဲ့ (မန္တလေးမြို့ ရွှေပြည်ရန်နိုင်ဆိုင်းအဖွဲ့)

၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အလွမ်းလေးတွေ တူနေသလား (ကိုကျော်ညွန့်)
(၂) သံယောဇဉ်လေး ပြန်ဆက်ပေးပါ (ယင်းမာ)
(၃) နံ့သာဥယျာဉ်လမ်းဝယ် (မောင်သိန်းဆွေ)

အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမြင့်၊ မှတ်ပုံတင်အမှတ် [၁/မကန (ဧည့်) ၀၀၀၇၇၃]၊ အိမ် အမှတ်(၁၁၈)၊ ကချင်စုရပ်ကွက်၊ မြစ်ကြီးနားမြို့တွင် နေထိုင်သူသည် ယခင် လုံစိမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ ယခုစိန်လင်းယုံဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တွင် အဖွဲ့ဝင်ဒါရိုက်တာ တစ်ဦးအဖြစ် (၂၆-၂-၂၀၀၆)ရက်မှ (၂၇-၁၁-၂၀၀၆)ရက်အထိ ဆောင်ရွက်ခဲ့သူတစ်ဦး ဖြစ်ပါသည်။

အဆိုပါဆောက်လုပ်ရေးကုမ္ပဏီ၏ ဆောက်လုပ်ရေးလုပ်ငန်းတာဝန်များနှင့် ပတ်သက်၍ အဖွဲ့ဝင် ဒါရိုက်တာတစ်ဦးအနေဖြင့် အင်ဂျန်းယန်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံးနှင့် ရဲစခန်းအဆောက်အအုံ ဆောက်လုပ်ခြင်းအတွက် (၃၁-၁၀-၂၀၀၆)ရက်အထိ သုံးစွဲကုန်ကျငွေစာရင်း တင်ပြခြင်းဖြင့် လုပ်ငန်းတာဝန်ပြီးဆုံးအောင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ အကြောင်းအမျိုးမျိုးကြောင့် စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမြင့်သည် စိန်လင်းယုံကုမ္ပဏီလီမိတက်မှ (၈-၁၂-၂၀၀၆) ရက်မှစ၍ အဖွဲ့ဝင်ဒါရိုက်တာ အဖြစ်မှ နုတ်ထွက်ခဲ့ပြီးဖြစ်ပါသည်။ ၎င်းစိန်လင်းယုံကုမ္ပဏီလီမိတက်နှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမြင့်နှင့်မိသားစုမှာ ပါဝင်ပတ်သက်ခြင်း လုံးဝမရှိတော့ပါ။ အဆိုပါစိန်လင်းယုံဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် ပတ်သက်သည့် ဆောင်ရွက်သည့်လုပ်ငန်းငွေကြေး ကိစ္စမှန်သမျှကို နောက်နောင် ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးမြင့်နှင့်မိသားစုမှ တာဝန်ယူမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးမြင့်နှင့်မိသားစု၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးထွန်းတင်
LL.B (တရားရုံးချုပ်ရှေ့နေ စဉ်-၄၈၅၇)
အမှတ် ၁၀၇၊ သီတာရပ်ကွက်၊ မြစ်ကြီးနားမြို့။

အများသိစေရန် တားမြစ်ကြေညာခြင်း

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၆)လမ်း၊ အမှတ် (၃၀)နေ ဒေါ်လှလှမြင့်(ခ)ဘာနူး (KTDA-၀၀၄၂၃၇) ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ် (၉၃)၊ ပထမထပ်(ယာ)ဘက်အခန်းကို ကျွန်ုပ်အမှုသည်၏ဖခင် ဦးယာရှင် ၁၂/ကတတ (နိုင်) ၀၁၅၅၂၅ ကိုင်ဆောင်သူမှ ပိုင်ဆိုင်ခဲ့ပြီး ၂-၇-၁၉၉၇ နေ့စွဲပါ အမွေစားအမွေခံလွှဲပြောင်းပေးခြင်းစာချုပ်အရ ကျွန်ုပ်အမှုသည်အား လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းအခန်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်အမှုသည်၏ ခွင့်ပြုချက်မရရှိဘဲ မည်သူမျှရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံထားခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အငှားချထားခြင်း၊ တိုက်သစ်ဆောက်လုပ်ခြင်းတို့ မပြုလုပ်ရန် တားမြစ်ပါသည်။ ပြုလုပ်လာပါက ဥပဒေအရ ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်လှလှမြင့်၏ညွှန်ကြားချက်အရ-

ဦးကိုကိုလွင်
အထက်တန်းရှေ့နေ။

ရုံး
အမှတ် (၉/၁၁)၊ အခန်း ၁၀၅-ဂျီ (ပထမထပ်)
၃၆လမ်း၊ (အောက်ဘက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း
အီရဒေါ်ဆွေဆွေ(ခေါ်)လင်စွီးရီ

ချစ်သူငယ်ချင်း မောင်မောင်တီ(သချာ)၏မိခင် အီရဒေါ်ဆွေဆွေ (ခေါ်) လင်စွီးရီ အသက် (၇၈)နှစ်သည် ၁၁-၁-၂၀၀၇ ရက် နံနက်(၁၀း၂၀)နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ငယ်သူငယ်ချင်းများ၊
၁၉၇၂/၇၃ ဝန်းကျင် အထက(၁)တာမွေ။



သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်၊ ဣန္ဒြာ ၁၁ လမ်း၊ အမှတ် ၇၀၆ နေ ဦးထွန်းရီ ၁၂/ဥကမ(နိုင်)၂၃၃၄၃၂၏ လွှဲအပ်ချက်အရ ကြေညာအပ်ပါသည်။ ဦးထွန်းရီမှ သမီးကြီးဖြစ်သူ မအုန်းခင် ၁၂/ဥကမ (နိုင်)၁၃၂၄၈၆ကို ၇-၄-၂၀၀၅ရက်က ပြုလုပ်ပေးခဲ့သည့် မေတ္တာဖြင့် ပေးကမ်းခြင်းစာချုပ်အား ပြန်လည်ရုပ်သိမ်းအပ်ပါသည်။ မအုန်းခင်သည် ဖခင်ဖြစ်သူ ဦးထွန်းရီအား နည်းအမျိုးမျိုးဖြင့် ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် ဒုက္ခပေးခြင်း၊ ရန်သူသဖွယ် ပြုမူဆက်ဆံခဲ့ခြင်းကြောင့် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထွန်းရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-

သန်လျင်ဦးထွန်း
LL.B, C.B.L, D.B.L, DML, D.I.L, D.A Psy.
တရားရုံးချုပ်ရှေ့နေ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်နောင်နောင်ထွန်း၏ နိုင်ငံကူးလက်မှတ်အမှတ် ၆၂၅၈၆၄ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန် ဖုန်း-၀၁-၅၅၅၄၁၈။

အမြန်ရောင်းမည်

မြန်မာ့ဂုဏ်ရည် ကွန်ဒို (ပန်းဆိုးတန်း တံတားအနီး) (1825 sqft) MB(1), BR(2) ၃လွှာ၊ ၁၃လွှာ။

ဆက်သွယ်ရန်
ဖုန်း-၀၉-၅၀၀-၈၁၀၈၊ ၆၆၀၀၁၀၊၀၉-၅၀၁-၉၇၈၅၊ ၃၈၆၆၁၃။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

အ/၇၀၈၈ ယာဉ်လက်ဝယ်ရှိသူ ဦးအိုက်ကင် ၁/ဝမန(နိုင်)၀၁၄၁၆၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊(ပြည်နယ်ရုံး)၊မြစ်ကြီးနားမြို့။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နေပြည်တော်၌ ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E Mr. Shri Pranab Mukherjee အား ယနေ့ညနေ၄နာရီက နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

စာမျက်နှာ ၃ ကော်လံ ၅ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော် သာယာ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ(၃) သဘောထားကြေညာချက်

မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သော ကိစ္စဟုယုံကြည် ပြည်ပမှ ဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံ

ရန်ကုန် ဇန်နဝါရီ ၂၀

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ(၃)က ဇန်နဝါရီ ၁၅ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက် ရှုတ်ချလိုက်သည်။

အဆိုပါသဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့်ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ(၃)၏ ကြေညာချက်

နေ့စွဲ။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

၁။ အမေရိကန်နိုင်ငံ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်၏ တင်ပြမှုကြောင့် ၂၀၀၆ခုနှစ် စက်တင်ဘာလ၁၅ရက်နေ့တွင် မြန်မာနိုင်ငံအခြေအနေအား လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းရန်ဆုံးဖြတ်ခဲ့စဉ်က မိမိတို့အဖွဲ့က ဆန့်ကျင်ကန့်ကွက်ခဲ့ပြီးဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံအရေးကိစ္စသည် တိုင်းရင်းသားအချင်းချင်း ပြည်တွင်း၌သာ ဖြေရှင်းသင့်သောကိစ္စဟု ယုံကြည်သည်။ ပြည်ပမှဝင်ရောက်စွက်ဖက်ဖြေရှင်းမှုကို လက်မခံပါ။

၃။ မြန်မာနိုင်ငံအခြေအနေကို နားလည်ပြီး ဗီတို (Veto)အာဏာသုံးခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား ကျေးဇူးတင်ကြောင်း ကြေညာအပ်ပါသည်။

ဥက္ကဋ္ဌ
ဗဟိုဦးစီးကော်မတီ
ရှမ်းပြည်မြောက်ပိုင်း အထူးဒေသ(၃)

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် သဘောထားကြေညာချက်

အမေရိကန်၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေးလုပ်ဆောင်မှုများကို အတိုင်အဖောက်ညီညီ ဝမ်းသာအားရ အချိန်ကိုက်လှုပ်ရှားခဲ့ကြသော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများအားလုံးကို လုံးဝဆန့်ကျင်ကန့်ကွက်

ရန်ကုန် ဇန်နဝါရီ ၂၀

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်က ဇန်နဝါရီ၁၄ရက်တွင် သဘောထားကြေညာချက်တစ်ရပ် ထုတ်ပြန်ပြီး ဆန့်ကျင်ကန့်ကွက်ရှုတ်ချလိုက်သည်။

အဆိုပါ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးမူကြမ်း တင်သွင်းခြင်းအပေါ် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ သဘောထားကြေညာချက်

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် မမှန်ကန်သော အကြောင်းပြချက်များဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်များချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်ကန်သောလုပ်ရပ် အောင်မြင်မှုမရှိဘဲ ပျက်ပြားသွားခြင်းအတွက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် မွေးမြူရေးအသင်းအဖွဲ့များအားလုံးနှင့် မွေးမြူရေးလုပ်ငန်းရှင်များက များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း ဖော်ပြအပ်ပါသည်။

ဤသို့ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၂ရက်နေ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် တင်သွင်းသော အမေရိကန်၏ မြန်မာနိုင်ငံအပေါ် မဟုတ်မမှန်လုပ်ကြံစီစဉ်သော ဆုံးဖြတ်ချက်မူကြမ်းကို ဗီတိုအာဏာ (Double Veto)သုံးပြီး ပယ်ချခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံများအားလည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကသမ္မတနိုင်ငံအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ထို့အပြင် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ဖိအားပေး မမှန်မကန် လုပ်ဆောင်မှုများကို အတိုင်အဖောက်ညီညီ ဝမ်းသာအားရ အချိန်ကိုက်လှုပ်ရှားခဲ့ကြသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများအားလုံးကိုလည်း လုံးဝဆန့်ကျင် ကန့်ကွက်ရှုတ်ချလိုက်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်
ရက်စွဲ။ ။ ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်